ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၁၅)

ယနေ့ထုတ်
စောင်ရေ
၂၀၀၅၂၈

လှည့်လည်ကြည့်ရှုအားပေး

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းအကောင်အထည်ဖော်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စိန်ရတုခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (အောက်ပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းအကောင်အထည်ဖော်မှုပြပွဲ တက်ရောက်ချီးမြှင့် ပညာရေးပတ်ဝန်းကျင်နှင့် ပညာရေးအဆောင်အယောင်များပြခန်းကြည့်ရှုအားပေး

ရန်ကုန် မေ ၄

၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းအကောင်အထည်ဖော်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ ▼

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းအကောင်အထည်ဖော်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ပြည်နယ်နှင့်တိုင်း ကိုယ်စားပြု ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၅ ရက်)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အောင်မြင်မှုရရှိ လုပ်ငန်းများပိုမိုအောင်မြင်ဖြစ်ထွန်းရေး တက်ညီလက်ညီကြိုးပမ်း

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို လူညွှန့်တုံးစေနိုင်သည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မိမိတစ်နိုင်ငံချင်းသော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပေါင်းစပ်၍သော်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍သော်လည်းကောင်း အစိုးရအဆက်ဆက်က တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့ကြသည်။

တပ်မတော်အစိုးရလက်ထက်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို ပိုမိုအောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ခဲ့သည်ကို တွေ့ရသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုကိုရယူပြီး မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အတွင်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ရာ မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ ၁၅နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်မှ စတင်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်း၏ ပထမငါးနှစ် စီမံကိန်းကာလအတွင်း လုပ်ငန်းများ သိသာစွာ အောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေတွင် လုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်စွာ အောင်မြင်ဖြစ်ထွန်းစေရန် အရှိန်အဟုန်မြှင့်တင်ပေးနိုင်ရေးအတွက် ပန်းတိုင်သစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ပန်းတိုင်သစ်စီမံကိန်းအရ ဘိန်းစိုက်ခင်းများ ဖျက်ဆီးခံရ၍ စားဝတ်နေရေး အခက်အခဲတွေ့ကြုံရသော ဘိန်းစိုက်တောင်သူများအား ဘိန်းခင်းဖျက်ဆီးပြီးသည်နှင့်တစ်ပြိုင်တည်း ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်တိုင် ကွင်းဆင်းလျက် စားနပ်ရိက္ခာများ၊ ဘိန်းအစားထိုး သီးနှံမျိုးစေ့များ၊ မွေးမြူရေးအတွက် တိရစ္ဆာန်မျိုးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များကို ချက်ချင်းလက်ငင်း ဖြည့်ဆည်းပံ့ပိုးပေးခဲ့သည်။

မေလ ၂ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုခန်းမ၌ ကျင်းပသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေး(၁/၂၀၀၄)တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌ **“အထူးသဖြင့် ဘိန်းအစားထိုး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ဘိန်းမစိုက်တော့သည့် တောင်သူများအတွက် စားဝတ်နေရေးလိုအပ်ချက်များအား ကူညီပံ့ပိုးရေးတို့အပြင် ဒေသခံ ပြည်သူများ၏ လူမှုဘဝလုံခြုံရေး၊ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံများ တိုးတက်ဖြစ်ထွန်းစေရအောင် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန်”** ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးပေါင်းဆောင်ရွက်နေသည့် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများ၏ နှစ်စဉ်အစီရင်ခံစာများတွင် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ် သိသာစွာ လျော့နည်းကျဆင်းလာသည်ကို အခိုင်အမာတွေ့ရှိရသည်။

တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများ ဖျက်ဆီးမှုများကို ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့ များဖြင့် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၀၂-၂၀၀၃ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၅၅၇ ဧက၊ ၂၀၀၃-၂၀၀၄ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၂၀၀၄ ခုနှစ် ဧပြီ ၂၁ ရက်အထိ ဘိန်းခင်း ၇၅၁၉ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးအစီအစဉ်အရ မူးယစ်ဆေးဝါး တရားမဝင် ထုတ်လုပ်ရောင်းဝယ်မှုများ တားဆီးနှိမ်နင်းခြင်း၊ တရုတ်နိုင်ငံမှ အလိုရှိနေသည့် တရုတ်နိုင်ငံသား မူးယစ်တရားခံပြေးများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးပြီး တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ အောင်မြင်မှုရရှိပြီး နိုင်ငံတကာက ပိုမိုယုံကြည်မှု ရရှိလာနေသည့် အလျောက် လုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းစေရေး တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်းတပ်မြို့ ပြချောင်း(၁)နွားနောက်ခြံ တိုင်းမှူးဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၈ရက် ညနေ၄နာရီက မင်းတပ်မြို့သို့ ရောက်ရှိပြီး အရှေ့ပြင် နွားနောက် မွေးမြူရေးစခန်း ပြချောင်း (၁)နွားနောက်ခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးအား မင်းတပ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးဦးလင်းလေးဟာက မင်းတပ်ခရိုင်အတွင်း နှစ်အလိုက် နွားနောက်မွေးမြူထားရှိမှုအခြေအနေ များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက နွားနောက်ခြံများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက် ပေးသည်။

မင်းတပ်ခရိုင်အတွင်း မင်းတပ်၊ မတူပီ၊ ကန်ပလက်၊ ရေစကြိုမြို့နယ်များ၌ နွားနောက်ကောင်ရေ စုစုပေါင်း ၂၉၈၁၃ ကောင် မွေးမြူထားကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးသည် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ခရိုင်နှင့် မြို့နယ်အတွင်း ဌာနဆိုင်ရာများအား တွေ့ဆုံရာ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး စိန်ရက မင်းတပ်ခရိုင်အတွင်း ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များ အပေါ် လိုအပ်သည်များ မှာကြားပြီး မင်းတပ်မြို့နယ် မီးသတ်ယာဉ် ဝယ်ယူရန် အတွက် ထောက်ပံ့ငွေကျပ် လေးသိန်းနှင့် မင်းတပ်မြို့နယ် အတွင်းရှိ ကျေးရွာများအတွက် အဝတ်အထည် အသုံးအဆောင်များ ပေးအပ်လှူဒါန်းသည်။

ညပိုင်းတွင် တိုင်းမှူးသည် မင်းတပ်မြို့ သာသနာ့အလင်းရောင် ပရိယတ္တိစာသင်တိုက်နှင့် တောင်ပုလုပရိယတ္တိ ကျောင်းတိုက်များသို့ သွားရောက်၍ ကျောင်းထိုင် ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာသနရံသီသိမ်တော် ပန္နက်တင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

ရန်ကုန် မေ ၄

သာသနရံသီသိမ်တော် ပန္နက်တင်မင်္ဂလာနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို မေ ၃ရက် (ကဆုန်လပြည့်နေ့)နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး ၁လမ်း၊ ပညာရာမ ပရိယတ္တိစာသင်တိုက်အတွင်း၌ ပဓာန နာယကဆရာတော် ဦးပညာသာမိ (သာသနဓဇ ဓမ္မာစရိယ)က ဦးဆောင်ပြီး ပန္နက်တင်မင်္ဂလာ အခမ်းအနားနှင့် သံဃာ၁၈ပါးတို့က ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီးမောင်မောင်အုန်း(အငြိမ်းစား)-ဒေါ်ခင်စန်းအုန်း မိသားစုတို့က ငွေကျပ်၁၀သိန်း လှူဒါန်းကြပြီး ဆက်လက်၍ ကျန်အလှူရှင်များကလည်း အလှူငွေများကို ထည့်ဝင်လှူဒါန်းကြကြောင်းသိရသည်။

(က-ပ)

ကြည့်ရှုအားပေး

တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ မိခင်နှင့်ကလေး များနေ့ အထိမ်းအမှတ် ရန်ပုံငွေ ဈေးရောင်းပွဲတော်ကို ဧပြီ ၃၀ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာအေးနှင့် ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်အေးအေးတို့ ကြည့်ရှု အားပေး ကြစဉ်။ (၁၉၂)

မဟာကုသလကာရီဓမ္မသာလာ ရေစက်ချလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၄

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ သက်တော်ရာပြည့် ပူဇော်ပွဲအကြို မဟာကုသလကာရီ ဓမ္မသာလာ ရေစက်ချလှူဒါန်းပွဲနှင့် (၁၅)ကြိမ်မြောက် ထာဝရဆွမ်းပဒေသာပင် အပင်တစ်ထောင်ပြည့် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ ကျင်းပရာ ပျဉ်းမနားဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာသနဓဇသီရိပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ ဘဒ္ဒန္တဇဋိလ အရှင်သူမြတ်ထံမှ ပရိသတ်များက ဥပုသ်သီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌဦးတင်ဝမ်က နှုတ်ခွန်းဆက်စကား လျှောက်ထားပြီး ဒုတိယဥက္ကဋ္ဌ(၁) ဦးဝင်းထိန်နှင့် အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့အတွင်းရေးမှူး ဒေါ်ခင်ခင်ထားတို့က မဟာကုသလကာရီ ဓမ္မသာလာရေစက်ချလှူဒါန်းပွဲနှင့် (၁၅)ကြိမ်မြောက် ထာဝရဆွမ်းပဒေသာပင် အပင်တစ်ထောင်ပြည့် ရေစက်ချလှူဒါန်းမှုနှင့်ပတ်သက်၍ လျှောက်ထားသည်။

ယင်းနောက် နာယက ပျဉ်းမနားဆရာတော် ဘဒ္ဒန္တဇဋိလထံမှ ရေစက်ချအနုမောဒနာ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

ရန်မျိုးအောင်စေတီတော် ရွှေသင်္ကန်းကပ်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက်ရှိဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်တွင် ဒုတိယအကြိမ်မြောက် ရွှေသင်္ကန်း ကပ်လှူရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂ရက်က အနန္တမေတ္တာတန်ဆောင်းတွင် ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)က အဖွင့်အမှာစကားပြောကြား၍ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ပြုလုပ်ရာ အလှူရှင် ဦးသန့်စိုး-ဒေါ်သီတာ၊ သမီးကေခိုင်ကျော်၊ သားမောင်ကျော်လင်းသန့် မိသားစု အမှတ် ၁၄၀ ဘီ၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်မှ အလှူငွေကျပ်သုံးသိန်း၊ ဒေါ်အေးမင်းနွယ် ပင်လုံရိပ်မွန်က အလှူငွေကျပ်နှစ်သိန်း၊ မအိမ့်ဖြူမင်းမင်း မိသားစု အမှတ် ၂၅ဘီ၊ အေးရိပ်သာ ၁လမ်းက အလှူငွေကျပ်တစ်သိန်း၊ ဦးတင့်အောင်နိုင်-ဒေါ်ယဉ်ယဉ်အေး မိသားစု ရှမ်းစတားဂျစ်ထုတ်လုပ်ရေးလုပ်ငန်းက အလှူငွေကျပ် တစ်သိန်းနှင့် ကျန်အလှူရှင် ၂၅ဦးက လှူဒါန်းသော အလှူငွေကျပ် ၃၉၂၅၀၀ စုစုပေါင်း အလှူငွေကျပ် ၁၀၉၂၅၀၀ကို ပေးအပ်လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(၄၀၀)

5-5 (2).p65 1 03/24/1905, 10:14 PM

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား မလေးရှားနိုင်ငံ PUSPANITA-JPM ဥက္ကဋ္ဌနှင့်အဖွဲ့ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား မလေးရှားနိုင်ငံ The Association of Wife and Ladies of the Malaysian Civil Service, the Prime Minister Department PUSPANITA -JPM ဥက္ကဋ္ဌ (Chairman) Y.Bhg Puan Sri Hazlin Binti Abdul Karim ဦးဆောင်သော အဖွဲ့ဝင် ၁၆ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုး၊ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အသင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မလေးရှားနိုင်ငံ PUSPANITA-JPM ဥက္ကဋ္ဌ Y.Bhg Puan Sri Hazlin Binti Abdul Karim က နှုတ်ခွန်းဆက် စကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဧည့်သည်တော်များအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် PUSPANITA-JPM ဥက္ကဋ္ဌက ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြကာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဧည့်သည်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသော ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနနှင့် အိမ်တွင်းသက်မွေးပညာသင်ကျောင်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား မလေးရှားနိုင်ငံ The Association of Wife and Ladies of the Malaysian Civil Service, the Prime Minister Department PUSPANITA-JPM ဥက္ကဋ္ဌ(Chairman) Y.Bhg Puan Sri Hazlin Binti Abdul Karim ဦးဆောင်သော အဖွဲ့ဝင်များက လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျောက်မဲ၊ သီပေါ၊ နမ္မတူ မိုးကုတ်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မေ ၄

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး ကမ္မဋ္ဌာနာစရိယ ဖြစ်သော သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ (B.Sc, Phy)သည် ရှမ်းပြည်နယ် ကျောက်မဲမြို့၌ မေ ၂၅ ရက်မှ ၃၁ ရက်အထိလည်းကောင်း၊ သီပေါမြို့၌ ဇွန် ၂ရက်မှ ၈ရက်အထိ လည်းကောင်း၊ နမ္မတူမြို့၌ ဇွန် ၁၀ ရက်မှ ၁၆ ရက်ထိလည်းကောင်း ဖော်ပြပါမြို့ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာများတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါး တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကြင်နာမိုးဖြင့် ဖြိုးစေချင်

မေတ္တာခိုးငွေ့ ပျောက်ပြယ်ရွေ့ခဲ့
မုန်းမေ့တိမ်ရောင် ပုန်းကွယ်ရှောင်ထင့်
တောင်လေမုတ်သုံ မျက်နှာမူနှ်၍
အမှုန်သခင် ရန်ငြိုးဆင်သို့
ချစ်ပင်လည်းနွမ်း ချစ်ရေခန်းအောင်
တစ်စွန်းတစ်စက် သွန်းမပက်ဘဲ
ရက်စက်ရန်ငြိုး အဖြစ်ဆိုးအောင်
ချစ်မိုးသို့လည်း မခေါ်နှင့်။

ရွာပြန်တော့လည်း ရန်ငြိုးသည်းသို့
လျှပ်စီးမျက်မာန် ပြက်ခဲ့ဟန်ထင့်
ပြင်းထန်မုတ်သုံ ဒေါသဟုန်ဖြင့်
ရိုက်တုန်လှုန့်ချက် ချောက်ချားဖျက်သို့
ရက်စက်နိုင်ငြား ရေအားစီးသန်
မုန်တိုင်းထန်၍ ရေလျှံမိုးကြီး
ဖျက်ဆီးစပါး ကျွဲနွားသေကျေ
မျက်ရည်ခြွေသည့် ပူဆေတစ်မျိုး
အရှုံးတိုးအောင်
မုန်းမိုးသို့လည်း မလျောင်နှင့်။

တို့တိုင်းဌာနီ မြန်မာပြည်ဝယ်
ရာသီရွေ့ဆောင် မှန်ကန်အောင်လျှင်
မိုးခေါင်လည်းဝေး
မုန်းမိုးပြေးလော့ ငြိမ့်အေးသန့်ရှင်း
မုတ်သုံမင်းကား စောင်ငြင်းသံသာ
တူရိယာကို ခတ်ကာဆော်သွင်း
တိမ်ရိပ်နင်းလျက် မပြင်းမထန်
သန်ဦးသန်လယ် နှောင်းဝယ်ထို့တူ
မျှတ မှု၍ ပြည်သူအများ
စပါးဆန်ရေ လုပ်အားဝေအောင်
မသွေသစ္စာ ကရုဏာနှင့်
ရွာပါစေချင် ဆုခြွေတင်မိ
ကြင်နာသည့်မိုး ချစ်ခွန်းပျိုး၍
သွန်းဖြိုးဖြိုင်ဖြိုင် ရွာစေသော်။ ။

တက္ကသိုလ်တင်ခ

ဧပြီ ၂၉ ရက်က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် လာဘ်မိုးဆွေစာပေတိုက် အယ်ဒီတာချုပ် ဦးမောင်မောင်မြင့်အေးက (ဒုတိယအကြိမ်) ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ သုတ/ရသစာအုပ် ၁၀၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ (၁၁) ရက်မှ (၁၃) ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

မြန်မာ့ရုပ်မြင်သံကြား

၅-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၂၀ ၈။ သင်ပုန်းရေလှောင်တမံ (မန္တလေးတိုင်း)
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Happy and Educational English Summer Course MRTV.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading.
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သင်္ချာ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၃၀ ၇။ သီချင်းကြီးပဒေသာ
၁၇း၄၅ ၈။ တေးဂီတအစီအစဉ်
၁၈း၀၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈း၁၅ ၁၀။ Discovery
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ **သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ** (အပိုင်း-၁)
၁၉း၁၅ ၁၄။ **သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ** (အပိုင်း-၂)
၁၉း၂၅ ၁၅။ တေးဂီတအစီအစဉ်
၁၉း၃၅ ၁၆။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၃၁)
၂၁။ **"ဘာပဲဖြစ်ဖြစ်သတိရပါ"** (ဒွေး၊ သားညီ၊ မြတ်ကေသီ အောင်၊ အိန္ဒြာကျော်ဇင်) ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ကယ်ကွတ်မြို့အနီး ကန်စစ်အခြေစိုက်စခန်းတိုက်ခိုက်ခံရ
အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ ၁၀ ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၃

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့အနီး အမေရိကန်စစ်အခြေစိုက်စခန်းကို ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ဒေသစံတော်ချိန်နံနက် ၉ နာရီခန့်တွင် ကယ်ကွတ်မြို့အနီး ပူးပေါင်းစစ်အခြေစိုက်စခန်းကို လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့်လည်း တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသွားကြောင်း အဆိုပါ သတင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သေဆုံး

၂၀၀၃ ခုနှစ်မတ်လတွင် အီရတ်ကို အမေရိကန်ဦးဆောင်၍ စစ်ပွဲဆင်နွှဲခဲ့ချိန်မှစ၍ အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ သေဆုံးမှု ၇၄၅ဦးမြောက် သေဆုံးပြီး အဆိုပါတပ်ဖွဲ့ဝင်မှာ ၂၄နာရီအတွင်း ပဥ္စမမြောက် သေဆုံးသည့် တပ်ဖွဲ့ဝင်ဖြစ်သည်။

ပစ်ခတ်

စောစောပိုင်းက အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်၏ ပြောဆိုချက်အရ ဒေသစံတော်ချိန် ညနေ ၇နာရီတွင် ဘဂ္ဂဒက် တောင်ဘက် ကီလိုမီတာ ၃၆၀ အကွာရှိ အမ်မာရာမြို့၌ အမေရိကန် စစ်ယာဉ်တန်းကို လက်နက်ငယ်များ၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်ဟုဆိုသည်။

တနင်္ဂနွေနေ့ လင်းအရုဏ်တက်ချိန်တွင် ဘဂ္ဂဒက် အနောက်မြောက်ဘက်ပိုင်း၌ တိုက်ခိုက်ခဲ့မှုကြောင့် အခြားအမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးသွားသည်။

ခန့်မှန်း

အီရတ်၌ တိုက်ခိုက်မှုမျိုးစုံတွင် ပြီးခဲ့သောမတ်လကတည်းက အီရတ် ၁၀၀၀၀ ကျော် သေဆုံးသွားသည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**



မေ ၃ ရက်က ဘဂ္ဂဒက်လေဆိပ်သို့ သွားရာလမ်းပေါ်ရှိ တံတားတစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဖြတ်သန်းစဉ် ဗုံးပေါက်ကွဲမှုကြောင့် တံတားကျိုးပြတ် ပျက်စီးသွားသည်ကို အီရတ်တို့ ကြည့်ရှုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့မှ အမေရိကန်တပ်ဖွဲ့ဝင်များရုပ်သိမ်းမှု
ကန်နှင့်အပေါင်းပါတပ်များအပေါ် အီရတ်တို့ အောင်ပွဲဖြစ်

ဖော်လူဂျာ မေ ၃

ဖော်လူဂျာမြို့သို့ ပြန်လာကြသူအများအပြားသည် သူတို့၏နေအိမ်များ ပျက်စီးမှု သို့မဟုတ် ဖျက်ဆီးခံရမှုကို တွေ့မြင်ကြရသည်။ သို့သော်လည်း သူတို့မြို့တွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ မရှိခြင်းသည် အမေရိကန်တပ်ဖွဲ့များအပေါ် အီရတ်တို့ အောင်ပွဲခံခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

အသက်ရှစ်နှစ်အရွယ် အန်နက်စ် မိုဟာမက်၏ ဖခင်ဖြစ်သူမှာ အိမ်အပျက် အစီးအုတ်ကျိုးအုတ်ပဲ့များကို ရှင်းလင်းဖယ်ရှားနေချိန်တွင် အန်နက်စ်မိုဟာမက်သည် ငိုကြွေးနေခဲ့သည်။ တစ်ချိန်က ဝိုင်းထားသော ဖော်လူဂျာမြို့တွင်းရှိ သူတို့မိသားစုပိုင်အိမ်သည် ယခုအခါ အုတ်ကျိုးအုတ်ပဲ့အဖြစ် ရောက်ခဲ့ရသည်။

မေးမြန်း

"ကျွန်တော့်စာအုပ်တွေ မီးလောင်ကုန်ပြီ၊ ကျွန်တော်ဘယ်လို စာကျက်ရမည်လဲ၊ ကျွန်တော်တို့ ဘယ်မှာနေရမည်လဲ" ဟူ၍ အန်နက်စ်မိုဟာမက်က ငိုယိုမေးမြန်းခဲ့သည်။

ပြန်လာ

အန်နက်စ်၊ သူ၏ညီအစ်မနှစ်ဦး၊ မိဘနှစ်ဦးနှင့်အဒေါ်ဖြစ်သူတို့သည် အမေရိကန်တပ်များ တစ်လနီးပါးကြာ ဝိုင်းထားခဲ့သော ဖော်လူဂျာမြို့၏ မြို့လူထု ထောင်ပေါင်းများစွာထဲတွင် အပါအဝင်ဖြစ်ပြီး စနေနေ့၌ အိမ်သို့ ပြန်လာခဲ့ကြသည်။

ယခုသီတင်းပတ်၌ အမေရိကန်တပ်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သော ဂိုလန်အရပ်တွင် သူတို့အိမ်ရှိခဲ့ပြီး ယခုအခါ သူတို့အိမ်မှာ အုတ်ကျိုးအုတ်ပုံဘဝ ရောက်နေပြီဖြစ်ရာ အန်နက်စ်၏မိသားစုက သူတို့၏အိမ်ကို ဖျက်ဆီးသော အမေရိကန်တပ်များကို ပြစ်တင်ပြောဆိုခဲ့ကြသည်။

ရုပ်သိမ်း

အာရပ်ကမ္ဘာတွင် ဖော်လူဂျာသည် အမေရိကန်ဦးဆောင်သော အုပ်ချုပ်မှုအသစ်ကို ခုခံတွန်းလှန်သော စံနမူနာပြမြို့ ဖြစ်လာခဲ့သည်။ အမေရိကန်တပ်များသည် ဖော်လူဂျာမြို့၏ မြို့စွန်ဒေသများရှိ ၎င်းတို့၏ စခန်းများမှ နေ၍သောကြာနေ့က ရုပ်သိမ်း သွားခဲ့ကြသည်။ **အမ်အင်အေ၊ ရိုက်တာ**

စောင့်ကြပ်

မေ ၃ ရက်က ဘာဆာရာမြို့တွင် ပြောက်ကျားတို့ တိုက်ခိုက်မှုများ ပြန်လည်ပြုလုပ်လာသည့်အတွက် စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမ်မာရာမြို့၌ မီဒီတပ်နှင့် ဗြိတိသျှတပ်များ တိုက်ပွဲဖြစ် ဗြိတိသျှတပ်ဖွဲ့ဝင် အချို့နှင့် အီရတ်ရဲတစ်ဦး ဒဏ်ရာရရှိ

အမ်မာရာ မေ ၃

အီရတ်နိုင်ငံ(တောင်ပိုင်း) ဘဂ္ဂဒက်မြို့၏တောင်ဘက် မိုင် ၂၃၀ရှိ အမ်မာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါ၏ မီဒီတပ်များ စနေနေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင်အချို့နှင့် အီရတ်ရဲအဖွဲ့ဝင်တစ်ဦး ဒဏ်ရာရခဲ့သည်ဟု ဗြိတိသျှစစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

မီဒီတပ်ဖွဲ့ဝင်အများအပြား အဖမ်းခံခဲ့ရပြီးနောက် အယ်လ်ဆာဒါ သစ္စာခံများက ဗြိတိသျှတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်ဟု လုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။ အမ်မာရာတွင် အမေရိကန် စစ်ယာဉ်တန်းကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့သည့် တိုက်ပွဲဖြစ်ပွားစဉ် အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှစစ်ဘက်ပြောခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

ဖြစ်ပွား

မီဒီတပ်ဖွဲ့ဝင်အများအပြား အဖမ်းခံရပြီး လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ဗုံးလုပ်ကိရိယာများ အသိမ်းခံခဲ့ရပြီးနောက် ထိုသို့ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ရုပ်သိမ်း

ယင်းနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ထိုမြို့၏အစိတ်အပိုင်းများမှ ရုပ်သိမ်းခဲ့ပြီး တရားဥပဒေစိုးမိုးရေးအတွက် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း ထိုအမျိုးသမီးက ပြောကြားသည်။

ပြည်သူ့စစ်များက ၎င်းတို့၏ ရဲဘော်၁၀ဦးကို လွှတ်ပေးရန် တောင်းဆိုထားကြောင်း ဒေသသတင်းရပ်ကွက်များက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

စင်ကာပူနှင့်ချီလီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာအောင်ဆောင်ရွက်ရန် သဘောတူညီ

စင်ကာပူ မေ ၂

စင်ကာပူနှင့် ချီလီနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ အထူးသဖြင့် သိပ္ပံနှင့်ဇီဝနည်းပညာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအောင်ဆောင်ရွက်ရန် သောကြာနေ့က သဘောတူလိုက်ကြသည်။

ယင်းသဘောတူချက်ကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအရှိန် တိုးမြှင့်ရေးနည်းလမ်းများနှင့်ပတ်သက်၍ စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်နှင့် အလည်ရောက်နေသော ချီလီသမ္မတရီကာဒိုလေဂို့စ်တို့ ဆွေးနွေးကြပြီး နောက် ရရှိခြင်းဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံသည် နယူးဇီလန်နိုင်ငံနှင့်လည်း လမ်းသွယ်သုံးခု လွတ်လပ်သော ကုန်သွယ်ရေးသဘောတူချက်(အက်ဖ်တီအေ)ကိစ္စကိုလည်း ဆွေးနွေးလျက်ရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

အီရတ်စစ်ပွဲစချိန်မှ သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၇၅၁ ဦးရှိပြီ ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် ၃၈၈၆ ဦးရှိ သေဆုံးသူကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၈၅၀ ဖြစ်

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်တပ်များက စတင်တိုက်ခိုက်ချိန်မှစပြီး ၂၀၀၄ ခုနှစ် မေ ၃ ရက် ရောက်ချိန်တွင် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၅၁ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဦးစီးဌာနက ကြေညာသည်။

အဆိုပါ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၅၄၈ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၂၀၃ဦးမှာ တိုက်ပွဲမဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။ အီရတ်ကို စစ်ဆင်ရေးစတင်ခဲ့သည်မှစပြီး အီရတ်၌ ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၈၈၆ ဦးဖြစ်သည်။

အီရတ်၌ သေဆုံးသော အခြားတပ်ဖွဲ့ဝင်များ အရေအတွက်မှာ ဗြိတိသျှ ၅၈ ဦး၊ အီတလီ ၁၇ ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ ယူကရိန်း လေးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုး နီးယားနှင့် ပိုလန်တစ်ဦးစီဖြစ်ရာ စုစုပေါင်း ၉၉ဦးဖြစ်သည်။

အီရတ်စစ်ပွဲစတင်ချိန်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေနှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ဦးရေစုစုပေါင်းသည် ၈၅၀ ဖြစ်သည်။ **(အင်တာနက်)**

မေ ၃ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ တောင်ဘက်ရှိ မာကာတီမြို့တွင် အီရတ်စစ်ပွဲကို ဆန့်ကျင်ဆန္ဒပြနေသူများအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့ကို အယ်လ်ဆာဒါ ဆက်လက်ထိန်းချုပ်ထား

နာဂျက်ဖ် မေ ၂

နာဂျက်ဖ်မြို့အတွင်း အခြေအနေ တင်းမာနေမှုများ အဆုံးသတ်စေရန်အတွက် အီရတ်စေ့စပ်ညှိနှိုင်းရေးမှူးများသည် အမေရိကန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

နာဂျက်ဖ်မြို့ကို အီရတ်ခေါင်းဆောင် မွတ်တာဒါအယ်ဆာဒါက ဆက်လက်ထိန်းချုပ်ထားပြီး ၎င်းအား ထောက်ခံသူ ရာနှင့်ချီကာ မြို့ကိုစောင့်ကြပ်လျက်ရှိသည်။ ထောက်ပံ့ရေးပစ္စည်းများ မြို့တွင်းရှိ ဆာဒါ၏အဖွဲ့ထံ ရောက်ရှိခြင်းမှ တားဆီးပိတ်ပင်နိုင်ရန်အတွက် အမေရိကန်တပ်ဖွဲ့များသည် နာဂျက်ဖ်မြို့ ပတ်ဝန်းကျင်လမ်းများ၌ ကာရံပိတ်ဆို့မှုများ ပြုလုပ်ထားကြသည်။ **(စီအင်န်အင်န်)**

ဖော်လူဂျာ၌ ပြည်ပတိုက်ခိုက်ရေးသမားများမရှိ အီရတ်ဗိုလ်ချုပ်ကြီးဟောင်း ပြောကြား

ဖော်လူဂျာ မေ ၃

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံဖော်လူဂျာမြို့၌ တိုက်ခိုက်ရေးသမား ၂၀၀ ခန့် ပုန်းအောင်းနေကြောင်း ပြောနေသော်လည်း ဖော်လူဂျာမြို့တွင် ပြည်ပတိုက်ခိုက်ရေးသမားများမရှိကြောင်း ဖော်လူဂျာမြို့ လုံခြုံရေးတာဝန်ပေးအပ်ခြင်းခံရသည့် ဆက်ဒမ်ဟူစိန်လက်ထက်က ဗိုလ်ချုပ်ကြီးဟောင်းက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

လွှဲအပ်

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက ဖော်လူဂျာမြို့ကို တစ်လနီးပါးမျှကြာအောင် ဝိုင်းရံပိတ်ဆို့ထားခဲ့ပြီးနောက် ဆက်ဒမ်၏ ရီပတ်ဗလီကင်အစောင့်တပ်မှ ဗိုလ်ချုပ်ကြီး ဂျက်ဆင်မိုဟာမက်စလက်ချ်အား အမေရိကန်တပ်ဖွဲ့က ဖော်လူဂျာမြို့သို့ ပြန်လည်လွှဲအပ်တာဝန်ပေးခဲ့သည်။

မချေမှုန်းနိုင်

ဆက်လက်၍ချ်က ရိုက်တာနှင့် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားရာတွင် အမေရိကန် ကန်ထရိုက်လေးဦးအား သတ်ဖြတ်ခဲ့သူများ၏ သတင်းအချက်အလက် တစ်စုံတစ်ရာမရရှိသေးဟု ဆိုသည်။ဖော်လူဂျာမြို့နေ ပြည်သူသုံးသိန်းအနက် ၂၀၀၀ခန့်ရှိမည်ဟု ခန့်မှန်းရသည့် ပြောက်ကျားများကို ချေမှုန်းနိုင်ခြင်းမရှိသဖြင့် အမေရိကန်တပ်ဖွဲ့က စလက်ချ်အား ပြန်လည်တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

တောင်းဆို

ဖော်လူဂျာမြို့၌ ပြည်ပတိုက်ခိုက်ရေးသမား ၂၀၀ ခန့်ရှိမည်ဖြစ်ကြောင်း ယင်းတို့အား လွှဲပြောင်းပေးရန် မြို့နေလူထုအားတောင်းဆိုထားကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်အကျဉ်းသားများကို ကန်တပ်ဖွဲ့ဝင်တို့ ညှဉ်းပန်းမှု နီကာရာဂွာအစိုးရ ပြစ်တင်ရှုတ်ချ

မနာဂူရာ မေ ၃

အီရတ်အကျဉ်းသားများအပေါ် လူ့အခွင့်အရေးချိုးဖောက်ပြီး မတရားညှဉ်းပန်းနှိပ်စက်မှုများအတွက် အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် နီကာရာဂွာနိုင်ငံက ပြစ်တင်ရှုတ်ချလိုက်ပြီး ယင်းကဲ့သို့ စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် လုပ်ရပ်များအတွက် ပြင်းထန်ထိရောက်သော ပြစ်ဒဏ်ပေးသင့်ကြောင်းလည်း နီကာရာဂွာနိုင်ငံက တောင်းဆိုလိုက်သည်။

ပြဋ္ဌာန်း

အမေရိကန်တပ်ဖွဲ့ဝင်များသည် ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ခြင်းဖြစ်ကြောင်း နီကာရာဂွာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး နော်မင်ကယ်ဒီရာကာဒီနယ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။ ဂျီနီဗာကွန်ဗင်းရှင်းတွင် စစ်သုံ့ပန်းနှင့် အခြားဖမ်းဆီးခံထားရသူများအတွက် ပြုမူဆက်ဆံသည့် အနိမ့်ဆုံး စံသတ်မှတ်ချက်များ အာမခံချက်ရှိရန် နိုင်ငံတကာဆိုင်ရာဥပဒေများ ထည့်သွင်းပြဋ္ဌာန်းထားသည်။

ပေးပို့မည်

အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် ကြီးလေးသည့် ပြစ်ဒဏ်ချမှတ်ရန်နှင့် ထိုသို့အကျဉ်းသားများကိုပြုမူဆက်ဆံခြင်းသည် လက်မခံနိုင်ဖွယ်ဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်ကို ကာဒီနယ်က မှတ်ချက်ပြုပြောဆိုခဲ့သည်။ အဆိုပါ နီကာရာဂွာအစိုးရ၏ မှတ်တမ်းကိုလည်း အမေရိကန်အစိုးရအဖွဲ့သို့ တနင်္လာနေ့တွင် ပေးပို့မည်ဖြစ်ကြောင်း ၎င်းကထပ်မံပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

အောင်ပွဲခံ

မေ ၃ရက်က ဖော်လူဂျာမြို့အဝင်ရှိ အမေရိကန်စစ်စခန်းကို ဖယ်ရှားကာ အီရတ်အလံများဝှေ့ယမ်းပြီး အောင်ပွဲခံနေသော အီရတ်တို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်ဝန်ကြီးချုပ် ဂျာမနီနိုင်ငံသို့ ရောက်ရှိ

မြူးနစ် မေ ၃

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် သုံးရက်ကြာတရားဝင်ခရီးစဉ်အဖြစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ တနင်္ဂနွေနေ့က ရောက်ရှိလာသည်။

ထိုခရီးစဉ်သည် ဝမ်ဂျာပေါင် ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ဥရောပသို့ပထမဆုံး ခရီးစဉ်ဖြစ်သည်။ ဝမ်ကျားပေါင်သည် ဂျာမနီဝန်ကြီးချုပ် ဂါဟတ်ရှရိုးဒါးနှင့်တွေ့ဆုံပြီး တရုတ်၊ ဂျာမနီနှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်ရေး ဆွေးနွေးမည်ဖြစ်ပြီး ဂျာမနီခေါင်းဆောင်များနှင့် တွေ့ဆုံကာ နိုင်ငံတကာရေးရာကိစ္စများအပေါ် အမြင်ချင်းဖလှယ်မည် ဖြစ်သည်။

ပထမဆုံး

ယခုဝမ်ကျားပေါင်၏ခရီးစဉ်သည် တရုတ်နှင့် ဂျာမနီနှစ်နိုင်ငံစလုံးအတွက် ထူးခြားသည့် ခရီးစဉ်တစ်ခုဖြစ်သလို ဥရောပ ငါးနိုင်ငံခရီးစဉ်အတွက် ပထမဆုံးနိုင်ငံဖြစ်ကြောင်းလည်း သိရသည်။ ဝမ်ကျားပေါင်သည် ဥရောပ ငါးနိုင်ငံခရီးစဉ်အတွင်း ဂျာမနီမှတစ်ဆင့် ဘယ်လ်ဂျီယံ၊ အီတလီ၊ ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံတို့ကိုပါ သွားရောက်မည်ဖြစ်ကြောင်းနှင့် သီးခြားခရီးစဉ်အဖြစ် ဘရပ်ဆဲမြို့ရှိ ဥရောပသမဂ္ဂဗဟိုအဆောက်အအုံသို့ပါ သွားရောက်လည်ပတ်မည်ဖြစ်သည်။ **(စီစီတီဗွီ)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကွန်ပျူတာပိုင်းရပ်စ် ထွက်ပေါ်လာပြန်

လန်ဒန် မေ ၃

အင်တာနက် ဆက်သွယ်မှုများတွင် ယမန်နှစ်က နှောင့်ယှက်မှုများဖြစ်ပေါ်စေခဲ့သည့် ဘလပ်စတာ ကွန်ပျူတာဗိုင်းရပ်စ်အမျိုးအစား ဆက်ဆာသည် ယမန်နေ့က ပြန်လည်ထွက်ပေါ်ပြန်ကြောင်း သိရသည်။ ဆက်ဆာသည် အင်တာနက်နှင့်ဆက်သွယ်သည့် ကွန်ပျူတာများသို့ ထိုးဖောက်ဝင်ရောက်ပြီး လုပ်ငန်းများ နှောင့်နှေးစေခဲ့သည်။

ထိုဗိုင်းရပ်စ်ဝင်ရောက်သည့် လက္ခဏာအဖြစ် ကွန်ပျူတာသည် အလိုအလျောက် ဖွင့်လိုက်ပိတ်လိုက်ဖြစ်နေတတ်ကြောင်းနှင့် ဆက်ဆာကိုဖော်ထုတ်ရန် ကျွမ်းကျင်သူ ၁၅ဦးပါဝင်သည့်အဖွဲ့က အချိန်များစွာယူခဲ့ရကြောင်းလည်းသိရသည်။ ဗိုင်းရပ်စ် ကာကွယ်ရေးအစီအစဉ်များနှင့် အကြံဉာဏ်များကို အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ရယူနိုင်ကြောင်းနှင့် ဆက်ဆာ ပြန့်ပွားမှု အမြင့်ဆုံးကာလကို မသိရသေးကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

ဧပြီ ၂၇ ရက်က ဖော်လူဂျာမြို့တွင် မသင်္ကာသူ အီရတ်နှစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခြေဖြင့်နင်း

ဧပြီ ၂၈ရက်က ဖော်လူဂျာမြို့ နေအိမ်တစ်အိမ်ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းရာတွင် အီရတ်အရပ်သားတစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးက ခြေထောက်ဖြင့် ကန်ကျောက်ကာ နင်းထားသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်းဆို

မေ ၂ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းစခန်း အပြင်ဘက်၌ အီရတ် အမျိုးသမီးများက ၎င်းတို့၏ ဆွေမျိုးများ ပြန်လွှတ်ပေးရန် ဆန္ဒပြတောင်းဆိုနေကြသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မေ ၂ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းစခန်း၌ အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်တစ်ဦးအား ဖမ်းဆီး စစ်ဆေးနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူများ၏ နေအိမ်အများအပြား ကြေမွပျက်စီးခဲ့ရသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၃၀ ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့အကြား တိုက်ပွဲဖြစ်ပွားရာတွင် စိန်ပြောင်းကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော နေအိမ်ရှေ့တွင် အီရတ်တစ်ဦးက အမေရိကန်တို့အား မကျေမနပ် ပြောဆိုနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရ စက်မှုလက်မှုသိပ္ပံ (မိုးညှင်း)ပင်မဆောင်ကို တွေ့ရစဉ်။

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

သန်လျင်မြို့နယ် သန်လျင်–ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးဇုန်၌ ပို့ဆောင်ရေးဝန်ကြီးဌာနက တည်ဆောက်ခဲ့သည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အဆောက်အအုံကို တွေ့ရစဉ်။

အထက်တန်းကျောင်းဆောင်သစ်

လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်း ဆောင်ကို တွေ့ရစဉ်။

မိုးကောင်းတံတား

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရွှေဘို–မြစ်ကြီးနား ပြည်ထောင်စု လမ်းမကြီး ပေါ်တွင် နန့်ကောင်းချောင်း ကိုဖြတ်၍ တည်ဆောက်ခဲ့ သည့် အရှည် ၉၄၅ ပေရှိ သော ကချင်ပြည်နယ်၏ ၁၀ စင်းမြောက် မိုးကောင်းတံတားကို တွေ့ရစဉ်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

▼ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ နှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များ၊ တက္ကသိုလ် ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဘင်ခရာအဖွဲ့၊ ပဝါအကအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မရတနာအေးမင်းက မြန်မာဘာသာဖြင့် လည်းကောင်း၊ ဒသမတန်းကျောင်းသူ မဟောက်ခန့်ဒင့်မ်က အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြပြီး အခမ်းအနား အစီစဉ်များကို အလှည့်ကျဖတ်ကြားကြေညာကြသည်။

သီဆိုဂုဏ်ပြု

အစီအစဉ်အရ ပြည်နယ်နှင့်တိုင်းကိုယ်စားပြု ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၄ ဦးတို့က အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲ အခမ်းအနားများကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြရာ ကျောင်းသားကျောင်းသူများက တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့နှင့်တွဲဖက်၍ မြန်မာ့ကျောင်း သီချင်းဖြင့် လည်းကောင်း၊ လသာမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း လသာရတနာ သံစုံတီးဝိုင်းအဖွဲ့နှင့် တွဲဖက်၍ ဇာတိမာန်သီချင်းဖြင့် လည်းကောင်း သီဆိုဂုဏ်ပြုကြသည်။

မှတ်တမ်းပုံများကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စိန်ရတုခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးသည်။ ပထမဦးစွာ စိန်ရတုခန်းမ တတိယထပ်၌ ခင်းကျင်းပြသထားသည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာရေးအတွက် အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာတည်းဟူသောလုပ်ငန်းကြီးသုံးရပ်ကို မဏ္ဍိုင်ပြု၍ ICTနည်းပညာကို ထိရောက်စွာ အသုံးချဆောင်ရွက်လျက်ရှိသည့် ပညာရေးဝန်ကြီးဌာနပင်မပြခန်းရှိ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုရှိ ပညာပဒေသာဌာနများ ဖွင့်လှစ်ထားပုံကို ပြသထားသည့်မြေပုံကားချပ်၊ စီမံကိန်းကာလအတွင်း အသစ်ဖွင့်လှစ်သည့် တက္ကသိုလ် ၁၂ ခု၏ မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော် အကြီးအကဲ တက္ကသိုလ်များနှင့် ဒီဂရီကောလိပ်များသို့ လာရောက်စစ်ဆေးသည့် မှတ်တမ်း ဓာတ်ပုံများကို အသေးစိတ် ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု ဌာနဆိုင်ရာ ပြခန်းရှိရန်ကုန်တက္ကသိုလ်တက္ကသိုလ်များ သိပ္ပံသုတေသနဌာနက ပြသထားသည့် စွန့်ပစ်ပစ္စည်းပုစွန်အခွံမှ ထုတ်ယူရရှိသည့် စိုက်တိုဆန်ဒြပ်ပေါင်း ထုတ်လုပ်ပုံပြကွက်ကို လည်းကောင်း၊ သုတေသနလုပ်ငန်းဆိုင်ရာ ကဏ္ဍ (Research) ပြခန်းရှိ ရန်ကုန်တက္ကသိုလ်သတ္တဗေဒဌာနနှင့် UK နိုင်ငံ Harrison Institute တို့၏ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆောင်ရွက်နေသော သုတေသနလုပ်ငန်းဆိုင်ရာမြေပုံကားချပ်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စဉ်ဆက်မပြတ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာ ကဏ္ဍပြခန်းရှိ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန၏ သုတေသနဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လည်းကောင်း၊ နည်းပညာ အသုံးပြုမှုဆိုင်ရာကဏ္ဍပြခန်းရှိ မန္တလေးမြို့ရာစုသစ်အရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၊ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့အကြား ဆက်သွယ်ထားသည့် အီလက်ထရွန်နစ်ကွန်ရက် စနစ်ဖြင့် ကျောင်းသားကျောင်းသူများ ကိုယ်တိုင် Video Conferenceအစီအစဉ်များ လေ့ကျင့်ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပညာရည်အဆင့်မြှင့်တင်မှုဆိုင်ရာကဏ္ဍပြခန်းရှိ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ထုတ်ဝေခဲ့သည့် ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို လည်းကောင်း၊ မြန်မာစာအဖွဲ့ ဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်မှုပုံစံငယ်များ၊ မှတ်တမ်းဓာတ်ပုံများကို လည်းကောင်း၊ အမျိုးသားရေး စံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာကဏ္ဍပြခန်းရှိ ဆီမီးယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ပြခန်း၌ ပြသထားသော မြန်မာနိုင်ငံ၌ ဆီမီးယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန ဖွင့်လှစ်လှုပ်ရှားဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ၊ သုတေသနလုပ်ငန်းမှတ်တမ်းများကိုလည်းကောင်း၊ အမျိုးသားပညာရည် မြင့်မားရေးအထူးလေးနှစ်စီမံကိန်း (အဆင့်မြင့်ပညာကဏ္ဍ)နှင့် ဆက်စပ်သော စာအုပ်စာတမ်းများ၊ အစီရင်ခံစာများ သုတေသနစာတမ်းများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိန်ရတုခန်းမ ဒုတိယထပ်၌ ခင်းကျင်းပြသထားသည့် ICT Development ပြခန်းရှိ Electronic Media(Computer Aided Instruction)၊ Projected Madia (Visual Presenter)၊ Electronic Media(Video System)၊ Internet ခန်းတို့တွင် ကျောင်းသားကျောင်းသူများ၏ စွမ်းရည်ပြသမှုများကို လည်းကောင်း၊ ပညာရေးပတ်ဝန်းကျင်နှင့် ပညာရေး အဆောင်အယောင်များပြခန်းတွင် ကမာရွတ် မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ ပြသနေမှုများကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နံနက်ပိုင်းတွင် စိန်ရတုခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ အမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲကို ယနေ့မှ မေ ၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ၄နာရီခွဲအထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး မည်သူ မဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ
အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းပြပွဲ
စိန်ရတုခန်းမ၊ ၂၀၀၄ ခုနှစ်၊ မေလ (၄-၇)ရက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ ထင်းချွေတာရေး မီးဖိုလှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့က ထင်းချွေတာရေး မီးဖိုလှူဒါန်းပွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့အကြောင်း ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ် (၂၀)ရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ် သစ်တောရေးရာဝန်ကြီး၏ဇနီး ဒေါ်ခင်ငွေးမြင့်က ထင်းမီးဖိုအလုံး ၁၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သောင်းက လက်ခံစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် ဒေါ်ခင်စောနှင်း၊ ဒေါ်ခင်ငွေးမြင့်နှင့် ဒေါ်အေးအေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင်ဒေါ်ရင်ရင်လေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်ပြည်သူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ရင်ရင်လေးက အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း ဟောပြောသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်အလှူရှင် ဒေါ်ခင်ငွေးမြင့်က ထင်းမီးဖို အသုံးပြုမှုနှင့် ရရှိလာမည့် အကျိုးကျေးဇူးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ထင်းမီးဖိုအလုံး ၁၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြင့်သောင်းက လက်ခံ၍ ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနား ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ကုမ္ပဏီနှင့်အသင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကားပြောကြားသည်။

အမှာစကား

ဆက်လက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းအလုပ်အမှုဆောင်များအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသော နာယက နှစ်ဦး၊ ဥက္ကဋ္ဌ ဦးလှမောင်ရွှေ (မန်နေဂျင်းဒါရိုက်တာ၊ ရွှေမိသားစုကုမ္ပဏီလီမိတက်)နှင့်အတွင်းရေးမှူးဦးသန်းဝင်းအောင်(မန်နေဂျင်းဒါရိုက်တာ ပုလဲနဒီကုမ္ပဏီလီမိတက်)တို့ ပါဝင်သည့် အဖွဲ့ဝင် ၂၅ ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့၊ စာရင်းနှင့်အဖွဲ့ဝင်ခုနစ်ဦးပါဝင်သော အကြံပေးအဖွဲ့ အမည်စာရင်းတို့ကို ကြေညာသည်။

ယင်းနောက် အသင်းရန်ပုံငွေအတွက် အလှူရှင် ၃၈ ဦးတို့က အလှူငွေ စုစုပေါင်း ကျပ် ၂၉၇ သိန်း ပေးအပ်လှူဒါန်းကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဒုတိယဝန်ကြီး ဦးအောင်သိန်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကျေးဇူးတင်စကား

ထို့နောက်ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသော မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များကိုယ်စား ဥက္ကဋ္ဌ ဦးလှမောင်ရွှေ(မန်နေဂျင်းဒါရိုက်တာ၊ ရွှေမိသားစုကုမ္ပဏီလီမိတက်)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း၏ ပထမအကြိမ် အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးကို ဆက်လက် ကျင်းပသည်။ **(သတင်းစဉ်)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ရေနံမြေများကြည့်ရှုစစ်ဆေး တိုးတက်တူးဖော်ထုတ်လုပ်မည့် အစီအမံများဆွေးနွေးမှာကြား

ရန်ကုန် မေ ၄

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း သာကြီးတောင်ရေနံမြေသို့ရောက်ရှိပြီးရေနံမြေအတွင်းရှိ ဝိဇ္ဇာဓုရ ရသေ့တောင်တော်တွင် စွမ်းအင်ဝန်ကြီးဌာန မိသားစုများနှင့် စေတနာရှင်များ စုပေါင်းတည်ထားသည့် လောကမုနိဆုတောင်းပြည့်စေတီတော်အားထီးတော်တင်လှူပူဇော်ပွဲသို့ တက်ရောက်ကြည်ညို၍ စိန်ဖူးတော် တင်လှူပူဇော်သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရေနံမြေရိပ်သာ၌ မန်နေဂျာနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးစား ဆောင်ရွက်ကြရန် ဝန်ကြီးဌာန၏ မှာကြားချက်များကို လိုက်နာကြရန်၊ဝန်ထမ်းများ ပါတီနိုင်ငံရေး ကင်းရှင်းစေရန်၊ အောက်ခြေဝန်ထမ်းအဆင့်အထိနားလည်သဘောပေါက်အောင် ရှင်းလင်းရန် မှာကြားဆွေးနွေးပြီး ဆက်လက် ထွက်ခွာလာရာ ကျွန်းချောင်း ရေနံဓာတ်ငွေ့ရည်စက်ရုံသို့ရောက်ရှိသည်။

ဆွေးနွေးမှာကြား

စက်ရုံ ရှင်းလင်းဆောင်တွင် ဒုတိယဝန်ကြီးသည် ခေတ္တစက်ရုံမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများအား တွေ့ဆုံ၍ စက်ရုံစမ်းသပ်လည်ပတ်နိုင်အောင် လုပ်ငန်းအသေးစိတ်စီစဉ်ပြင်ဆင်ရန် လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်ဆွေးနွေး မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဆက်လက်ထွက်ခွာလာရာချောက် ရေနံမြေဝန်ထမ်းရိပ်သာခန်းမ၌ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများလိုက်နာရေး၊ နိုင်ငံ့ဝန်ထမ်းကောင်း ပီသစွာ နေထိုင်ကျင့်ကြံရေးမှာကြားပြီး ချောက်ရေနံချက်စက်ရုံနှင့်ဝန်ထမ်းအိမ်ရာများအား လှည့်လည်စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဧပြီ၃၀ရက် နံနက်ပိုင်းတွင် ရေနံချောင်း ရေနံမြေသို့ရောက်ရှိပြီး ရေနံမြေခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍လည်းကောင်း၊ မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းနယ်မြေအတွင်း စွမ်းအင်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှု အစီအမံကို လည်းကောင်း ညှိနှိုင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီးသည် မေ ၁ ရက် နံနက်ပိုင်းတွင် မန်းရေနံမြေဝန်ထမ်းခန်းမ၌မန်းရေနံမြေ၊ ထောက်ရှာပင်ရေနံမြေ၊ မင်းဘူး ရေနံဓာတ်ငွေ့ရည်စက်ရုံဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးမှာကြားပြီး မြန်အောင်မြို့သို့ ဆက်လက်ထွက်လာရာ ညနေပိုင်းတွင် ရောက်ရှိသည်။

တွေ့ဆုံ

ဒုတိယဝန်ကြီးသည် မြန်အောင်ရေနံမြေတွင် တူးဖော်လျက်ရှိသော ရေနံတွင်းများ၊ ထပ်မံတူးဖော်မည့်တွင်းများအတွက် လိုအပ်သော တွင်းသုံးပစ္စည်းများကို ညှိနှိုင်း ဆွေးနွေးပြီး ရွှေပြည်သာ သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်သည်။

ဖြည့်ဆည်းဆောင်ရွက်

ဒုတိယဝန်ကြီးသည် ရွှေပြည်သာ သဘာဝဓာတ်ငွေ့မြေ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု၊ သိုလှောင်မှု၊ ဖြန့်ဖြူးမှု၊ လုံခြုံရေး ဆောင်ရွက်ထားရှိမှုတို့ကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး တိုးတက်တူးဖော် ထုတ်လုပ်မည့် အစီအမံများကို ဆွေးနွေး မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ–ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တစ်ဦးချင်း ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ မေ ၄ရက်က ကျင်းပရာ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.Lee Kyung-Wooနှင့် တာဝန်ရှိသူများ လာရောက် ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အဘိဓမ္မာဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာဂုဏ်ထူးဆောင်သင်တန်းများပို့ချမည်

ရန်ကုန် မေ ၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက အဘိဓမ္မာဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာဂုဏ်ထူးဆောင်သင်တန်းများကို နှစ်စဉ်ပို့ချမြဲအတိုင်း မေ၈ ရက်မှစ၍ ဒီဇင်ဘာလကုန်အထိ အပတ်စဉ်(စနေ၊ တနင်္ဂနွေ)နေ့တိုင်း မွန်းတည့် ၁၂ နာရီတွင် သာသနာရေးဦးစီးဌာန ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးနှင့်ကမ္ဘာအေးစေတီအကြားရှိ ဝိဇယမင်္ဂလာဓမ္မသဘင် ခန်းမဆောင် အောက်ထပ်၌ သင်တန်းနည်းပြဆရာတော်များက ပို့ချပေးသွားမည်ဖြစ်သည်။ တက်ရောက်လိုသော ပုဂ္ဂိုလ်များသည် ကမ္ဘာအေးကုန်းမြေ ပုဗ္ဗဝိဒေဟကျောင်းဆောင် အခန်း(၉) သင်တန်းဌာန ဖုန်း– ၆၆၆၁၄၈သို့ ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ရွှေပြည်သာ သဘာဝဓာတ်ငွေ့မြေရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ထူးခြားသည့်နေ့အပူချိန်များ (၄-၅-၂၀၀၄)

မကွေးမြို့	၄၅	ဒီဂရီစင်တီဂရိတ်	(၁၁၃ ဒီဂရီဖာရင်ဟိုက်)
မင်းဘူးမြို့	၄၄	ဒီဂရီစင်တီဂရိတ်	(၁၁၁ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)
ညောင်ဦးမြို့	၄၄	ဒီဂရီစင်တီဂရိတ်	(၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)
မုံရွာမြို့	၄၃	ဒီဂရီစင်တီဂရိတ်	(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
မိတ္ထီလာမြို့	၄၃	ဒီဂရီစင်တီဂရိတ်	(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
သာယာဝတီမြို့	၄၃	ဒီဂရီစင်တီဂရိတ်	(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်မြို့	၄၁	ဒီဂရီစင်တီဂရိတ်	(၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)

စာကြည့်တိုက်၊ ပြတိုက်၊ ပြခန်းများစစ်ဆေးကြီးကြပ်မှုကော်မတီမှ နဝမအကြိမ်မြောက် (၂၀၀၄)ခုနှစ် ထိုင်းကုန်စည်ပြပွဲပြသခွင့်လက်မှတ်ကို ပြခန်းတာဝန်ခံ (TTF) ကုမ္ပဏီ၏ဒါရိုက်တာ မစ္စတာ အာနန်းပရာဆပ်အား မေ ၄ရက်က ပေးအပ်စဉ်။ (သတင်းစဉ်)

မြေငလျင်လှုပ်

ရန်ကုန် မေ ၄

၂၀၀၄ခုနှစ် မေ ၄ရက် မြန်မာစံတော်ချိန် ၀၀နာရီ ၁၂မိနစ် ၃၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင် စခန်း၏ အနောက်တောင်ဘက် မိုင် ၃၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ် တာစကေး ၅ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ရှေးဟောင်းအမွေ ပုဂံရတနာမြေမှ ကုသိုလ်အမျှဝေသံများ

မြန်မာ့အသံ သိန်းဟန်

“ပုဂံဒေသသည် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ဇုပ်ချက်မဒေသဖြစ်ကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နေသော်လည်း ပြိုကွဲပျက်စီးတော့မည့် ရှေးဟောင်းစေတီပုထိုးများ ရှိနေသကဲ့သို့ ပျက်စီးပျောက်ကွယ်တော့မည့် ဘုရားကုန်းအုတ်ပုံ၊ မြေပုံများလည်း ရာနှင့်ချီ၍ ရှိနေကြောင်း။

“ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးပျောက်ကွယ်မဆုံးရှုံးစေရန် အထူးစီမံကိန်းလုပ်ငန်းအဖြစ် သတ်မှတ်၍ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းကို ဝိုင်းဝန်းဆောင်ရွက်ရမှာ ဖြစ်ကြောင်း”

[နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၈-၁၁-၉၅ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ မိန့်ကြားချက်မှ]

“...စေတီနဲ့တန်ဆောင်း၊ ဆည်ချောင်းနဲ့စပါးနှံ၊
ရွှေပေါက်ကံ့ပြည်တစ်ကြောမှာ၊ ပေါချင်တိုင်းပေါတဲ့ပြင်၊
ဝပြောတဲ့သာသနာ၊ ခေါင်းလောင်းသံညံမစဲရယ်နဲ့၊
ပုဂံပွဲသာလွန်းလို့၊ လာသူလာ သွားသူသွား၊
လယ်တွင်းသား၊ ပြည်တော်သား၊
အသည်သား၊ မင်းမှုထမ်း၊
တစ်စိတ်ဝမ်း၊ တစ်လက်ညီ၊
ပြည်ရေးကို ပြိုင်တူချီကြတော့၊
ပြည်တော်မြတ်၊ ပွဲတင်သံ
ဘဝဂ်ပြန်ပါရော့”

အစရှိသော ခေတ်စမ်းစာပေပညာရှင် အမျိုးသား စာပေဆုရ ကဗျာဆရာကြီး ဆရာဇော်ဂျီ၏ **‘ရှေးခေတ်ပုဂံပြည်’** ကဗျာမှ ကဗျာ စာသားအချို့ကို ရေရွတ်ရင်း ကျွန်တော်သည် ပုဂံညောင်ဦးမြို့သို့ ရောက်ရှိခဲ့သည်။ အတိအကျဆိုရသော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင် ညွှန်ကြားရေးမှူး ဦးမင်းလှအောင် (အငြိမ်းစား ဗိုလ်မှူးကြီး)၊ ဇနီး ဒေါ်ကြူကြူမာ (နဂါးညီနောင်သက်န်းတိုက်) တို့၏ မေတ္တာရပ်ခံချက်အရ“ပုဂံမြို့ ရှေးဟောင်းဘုရားအမှတ် (၁၈၁၄) ဇေယျသီရိ ဆုတောင်းပြည့်ဘုရား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ပွဲနှင့် ရှင်အပါး ၁၀၀ စုပေါင်း ရှင်ပြုပွဲ အလှူတော်မင်္ဂလာအခမ်းအနား တွင်” စာရေးသူ ကျွန်တော်သည် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရန် ဤအရိမဒ္ဒနာပူရ (ခေါ်) ပေါက္ကံရာမ (ခေါ်) ရှေးဟောင်းပုဂံနေပြည်တော် သို့ ၁၀-၄-၂၀၀၄ ရက်နေ့ ညနေတွင်ရောက်ရှိ ခဲ့သည်။ နောက်တစ်နေ့ သင်္ကြန် အကြိုနေ့ မတိုင်မီတစ်ရက်အလို၁၁-၄-၂၀၀၄ရက် နံနက် ၆ နာရီခွဲအချိန် ကောင်းမြတ်သော မင်္ဂလာနံနက်တွင် အထက်ပါ ရှေးဟောင်း ဘုရားအမှတ် (၁၈၁၄) အနေကဇာ တင်လှူပူဇော် ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ စည်ကား သိုက်မြိုက်စွာ ဆင်ယင်ကျင်းပ သည်။ အခမ်းအနားကို ကျောက်ဆည် ဆင်အက (အဆို၊ အက၊ အစီအစဉ်)ဖြင့် ဖျော်ဖြေညှော့ခံကာ စတင်ဖွင့်လှစ်သည်။ အနေကဇာတင်လှူ ပူဇော်မည့် ရှေးဟောင်းဘုရားအမှတ်(၁၈၁၄)၏ အနောက်ဘက် သတ်မှတ်ကွက်လပ် နေရာတွင် ကျောက်ဆည်ဆင်နှစ်စီးက တစ်လှည့်စီဘုရားကို ဦးတိုက် ပူဇော်ပြီး အဆို၊ အတီး စည်းချက်မြိုင်မြိုင်အောက်တွင် အကွက်ကျကျ ကပြအသုံးတော် ခံသည်။ နံနက် ၇ နာရီခန့်တွင် ရှေးဟောင်းစေတီ ဇေယျသီရိ ဆုတောင်းပြည့် ဘုရား ရင်ပြင်တော်ပေါ်၌ ဘုရင်၊ မင်းညီမင်းသား၊ မှူးမတ်၊မိဖုရား၊မင်းသမီး၊ မောင်းမမိသံ အစရှိသည်တို့က ရာဇဝင်း၊ ဒေဝါဝင်းများ ခင်းလျက် ဘုရားအား လက်ယာရစ် လှည့်လည်ပူဇော်သည်။ ထိုအချိန်တွင် အလှူတော် မင်္ဂလာမဏ္ဍပ်၌ အသင့်ရောက်ရှိ နေကြသည့် ရန်ကုန်မှ တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာက အနုပညာအဖွဲ့က ဘုရားဂုဏ်တော်များအား ရည်မှန်းလျက် ရွတ်ပွားပူဇော်သည်။ တေးသံရှင် (ဦး)မင်းနောင်က ယင်းအဖွဲ့၏ဥက္ကဋ္ဌအဖြစ် ကြီးကြပ်ကာ နာမည်ကျော် အဆိုတော် ဂန္ထဝင်တေးသံရှင် အမျိုးသား၊ အမျိုးသမီး ၁၅ဦးခန့် ဝတ်ရွတ် ပူဇော်ကြသည်။

ကြိုတင်ပင့်လျှောက်ထားသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ သံဃာစင်ပေါ်သို့ မရောက်မီ ရရှိသည့် ကြားဖြတ်အချိန်တွင် မင်္ဂလာမဏ္ဍပ် အတွင်း အသင့်ရောက်ရှိနေရာယူထားကြသည့် အလှူရှင်များ၊ ဧည့်သည်တော်များ ပရိသတ်၂၀၀၀ခန့်အား ကျွန်တော်ကဤသို့သော စကားအချီး နိဒါန်းဖြင့် အစီရင်ခံခဲ့သည်။

“...ပုဂံမင်းဆက် သမုဒ္ဒရာဇ်မင်းက စတင်တည်ထောင်ခဲ့တဲ့ ပုဂံ နေပြည်တော် သက်တမ်းဟာ ယခုအခါ နှစ်ပေါင်း၂၀၀၀ခန့် ရှိလာပြီ ဖြစ်ကြောင်း၊ ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ အနုရုဒ္ဓါ(ခေါ်) အနော်ရထာမင်းနှင့် ဗုဒ္ဓဘာသာဝင်တို့၏ ကျေးဇူးရှင် ရဟန္တာအရှင်သူမြတ် ရှင်အရဟံတို့ရဲ့ ဆရာ၊ဒကာ ပြည်သူများ အညီအညွတ် သာသနာပြုခဲ့တဲ့ ကနဦးကျေးဇူးတော်၊ ဂုဏ်တော်များကြောင့် ယခုအခါ ပုဂံညောင်ဦးနယ် တစ်လွှားမှာ ဂူ၊ ဘုရား၊ ရုပ်ပွား၊ စေတီနဲ့တန်ဆောင်း၊ကျောင်းကန်ပါမကျန် မြင်တွေ့ဖူးမြော်ရပါကြောင်း။

“ပုဂံသည် ရှေးဟောင်းစေတီ၊ ပုထိုး၊ ရုပ်ပွား၊ ဆင်းတု၊ ဂူကျောင်းများ တစုတဝေးတည်း တည်ရှိသော ဒေသကြီးဖြစ်ကြောင်း၊ ဤသို့ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ တစ်နေရာတည်းတွင် တစုတဝေးတည်း စုစည်းထားနိုင်ခြင်းမှာ အာရှနိုင်ငံများတွင်သာမက ...ကမ္ဘာတွင်မှာပါ မြန်မာတစ်နိုင်ငံတည်းသာ ဂုဏ်တင်ပြနိုင်၍ အမှန်ပင်စံပြုဂုဏ်ယူ ထိုက်ပါကြောင်း။

“ရှေးဟောင်း လင်္ကာအဆိုအမိန့် စကားအရ ဤဒေသနယ်တစ်ဝိုက်မှာ ရှေးဘုရင်များ၊ မင်းညီမင်းသား၊ မှူးမတ်၊ ပြည်သူများရဲ့ ကောင်းမှုကုသိုလ် စေတမန်ရုပ်ပွား၊ စေတီ၊ ပုထိုး၊ ဂူဘုရား ပေါင်း ၄၄၄၆ဆူ ရှိခဲ့ပါကြောင်း။

“အဲဒီအနက်က နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့သဖြင့်လည်းကောင်း၊ ရာသီဥတု သဘာဝလျှင်ဘေးဒဏ် များကြောင့်လည်းကောင်း ယခုအခါ လက်ရှိဘုရား အဆူ ၂၂၃၀ခန့်သာ ကျန်ရှိတော့ပါကြောင်း၊ အဲဒီကျန်ရှိနေတဲ့ ရှေးဟောင်း ဘုရား ၂၀၀၀ ကျော်အနက် ၁၁၇၅ ဆူကို အချိန်မီ ပြန်လည် ပြုပြင်ထိန်းသိမ်း မွမ်းမံ တည်ဆောက်ဖို့ လိုအပ်လျက်ရှိပါကြောင်း၊ အထူးသဖြင့်ပုဂံမြို့ရဲ့အဓိက လမ်းမကြီးဘေးဝဲယာရှိ ရှေးဟောင်း ဘုရား ပုထိုးများကို အချိန်မီပြုပြင် ထိန်းသိမ်း ရန်လိုအပ်ပါကြောင်းကို နိုင်ငံတော်အကြီးအကဲက လမ်းညွှန် မှာကြားခဲ့ပါကြောင်း။

ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်သော ပုဂံဘုရားအမှတ်(၁၈၁၄) ဇေယျသီရိ ဆုတောင်းပြည့်ဘုရား ကို ဖူးတွေ့ရစဉ်။

“ထို့ကြောင့် ပုဂံသည်ရှေးဟောင်း စေတီ၊ ပုထိုး၊ ရုပ်ပွား၊ ဆင်းတု၊ ဂူကျောင်းများနှင့် ဤကမ္ဘာမှာ အစဉ်ဂုဏ်ယူဝင့်ကြွားရမည့် ဒေသကြီး အဖြစ် သတ်မှတ်ခံရအောင် ကုသိုလ်ပြုဆောင်ရွက်ရမည့် တာဝန်မှာ ကျွန်တော်တို့ မြန်မာပြည်သူပြည်သား ကလျာဏနွယ်ဝင် သူတော်စင်များ၏ သမိုင်းပေးကုသိုလ် အလုပ်ပင်ဖြစ်ပါကြောင်း....”စသည်ဖြင့် နိဒါန်းစကား ပျိုးခဲ့သည်။

မကြာမီ သတ်မှတ်ထားသည့် အချိန်မှာပင် ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ နှင့် ဇနီးတို့ ရောက်ရှိလာကြသည်။ မရှေးမနှောင်းမှာပင် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဂူကျောင်း ဆရာတော် ဘဒ္ဒန္တ ဇာဂရနှင့်ပင့်သံဃာအရှင်သူမြတ် များ ကြွရောက်လာကြသည်။ ကြိုတင် ပင့်ထားရောက်ရှိနေပြီးဖြစ်သော ဝန်ထမ်းမိသားစုများ၏ သားရတနာ ရှင်အပါး ၁၀၀နှင့် ပင့်သံဃာ ဆရာတော်ကြီး အပါး၂၀တို့ဖြင့် ကြီးကျယ် ခမ်းနားစွာ ပြင်ဆင်ထားသည့် သံဃာစင်ကြီးမှာ ထိန်ဝါဝင်းပြီး ကျက်သရေ အပေါင်း ခညောင်းလျက်ရှိသည်။ သံဃာစင်ရှေ့ အလျားအကျယ်ပြည့်မျှ ပြင်ဆင်ခင်းကျင်းထားသည့် သင်္ကန်း၊ သပိတ်နှင့်ပရိက္ခရာရှစ်ပါး လှူဖွယ်ပန်းခြင်း များ၊ အခြား သံဃာအသုံးအဆောင် ပစ္စည်းမျိုးစုံသပ်ရပ်ညီညာစွာ ထည့်ထားသည့် လှူဖွယ်ပန်းခြင်းများမှာလည်း အလှူပွဲတကာတွင် မြင်တွေ့နေရသည့် မြင်ကွင်းမျိုး မဟုတ်ဘဲ ထူးကဲသစ်လွင် မြင်တွေ့ရသူအပေါင်း ဘဝင်ချမ်းမြေ့ဖွယ် ဖြစ်သည်။

ထို့နောက် အစီအစဉ်အရ ဝန်ကြီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဌာပနာပစ္စည်းများပင့်ဆောင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းလျက် ဆရာတော်ကြီးများကိုယ်တိုင် စေတီတော်ကြီး၏ အောက်ဌာပနာတိုက်အတွင်းသို့ သွတ်သွင်း ပူဇော်ခဲ့ကြသည်။ တစ်ဆက်တည်းမှာပင် ဆရာတော်ကြီးများက ပုဂံရှေးဟောင်း ဘုရားအမှတ် (၁၈၁၄) ဇေယျသီရိဆုတောင်းပြည့်ဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက “ယနေ့ကျင်းပပြုလုပ်တဲ့အခမ်းအနား ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ပြည့်စုံနှင့်ဇနီး၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းနှင့်ဇနီးတို့အား အမှူးထား၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်နှင့်ဇနီး အမှူးပြုသော ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက တာဝန်ယူပြင်ဆင် ပူဇော်သော ပုဂံဘုရားအမှတ် (၁၈၁၄)အား အနေကဇာတင်လှူ ပူဇော်ပွဲနှင့် ဝန်ထမ်းမိသားစုများ၏ ရှင်အပါး ၁၀၀ စုပေါင်းရှင်ပြုပွဲ အလှူတော်မင်္ဂလာ အခမ်းအနားဖြစ်ပါကြောင်း” ဆရာတော်အရှင်သူမြတ်များသို့ လျှောက်ထားသည်။ ဆက်လက်၍အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက် ဤဘုရားအမှတ် (၁၈၁၄) ဇေယျသီရိ ဆုတောင်း ပြည့်ဘုရားအား ပြုပြင်မွမ်းမံတည်ထားကိုးကွယ်မှု အစုစုံ၏ အခြေအနေ အရပ်ရပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က လျှောက်ထား တင်ပြသည်။၎င်း၏လျှောက်ထားချက်တွင် “...ဤဘုရားအမှတ် (၁၈၁၄)သည် အေဒီ၁၂ရာစုအစောပိုင်းကတည်ထားခဲ့သည့်ဘုရားဟု ရှေးဟောင်း သုတေသန ဦးစီးဌာနက အထောက်အထားများအရ ခန့်မှန်းတွက်ဆပါကြောင်း၊ ဘုရားကို မပြုပြင်မီက ကုန်းမို့မို့ အုတ်ကုန်းပေါင်အဖြစ်သာ မြင်တွေ့ရကြောင်း၊ ဘုရားကို ရှေးမူလလက်ရာပုံစံမပျက် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက် ခဲ့ကြောင်း၊ ဤဂူဘုရားသည် ထီးလိုမင်းလိုဘုရားကြီးအနီးတွင် တည်ရှိကာ ဉာဏ်တော်မှာ ၇၅ ပေ ၁ လက်မမြင့်ပြီး ဘုရားကြီး၏ ပရိဝုဏ်မှာ အလျား ပေ၁၀၀၊ အနံ ၇၅ပေ ရှိပါကြောင်း၊ ရာသီဥတု၊ သဘာဝဘေးဒဏ်၊ လျှင် ဒဏ်များကို ကြံ့ကြံ့ခံနိုင်အောင် သံကူကွန်ကရစ် Beams များ၊ Column တိုင်များ၊ Top Beams များဖြင့် အသစ်တပ်ဆင်ပြုပြင်တည်ဆောက်ထားသည့် ထုထည် ကြီးသည့် ဘုရားတစ်ဆူပင်ဖြစ်ကြောင်း၊ အတွင်းပိုင်း၌ ပုဂံလက်ရာ ကြည်ညိုဖွယ်ရာ ရုပ်ပွားဆင်းတုတော်တစ်ဆူ ကိန်းဝပ်စံပယ်လျက်ရှိပါကြောင်း၊ ဘုရားကြီးအပါအဝင် မဟာရံတံတိုင်း၊ မုခ်ဦး၊ သရက်ကင်း၊ ပန်းခုံတော်များ အတွက် စုစုပေါင်း လှူဒါန်းပူဇော်ရရှိငွေ ပမာဏမှာ ငွေကျပ် ၅၆၈သိန်းခန့် ဖြစ်ပါကြောင်း ...” စသည်ဖြင့်ပါရှိသည်။

အစီအစဉ်အရ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဂူကျောင်းဆရာတော်ဘဒ္ဒန္တ ဇာဂရထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်ကြီးအမှူးပြုသော သံဃာတော် အရှင်သူမြတ် များက မေတ္တာဘာဝနာ ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ထို့နောက် ဆရာတော်ကြီးနှင့်တကွ ပင့်သံဃာတော်များအား ဝန်ကြီးနှင့်ဇနီး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်ဘဒ္ဒန္တ ဇာဂရထံမှ အနုမောဒနာကထာနှင့်ရေစက်ချတရားတော်နာယူကြသည်။ဆရာတော်ကြီးက အနုမောဒနာကထာချီးမြှင့်ရင်းက ဤကဲ့သို့သောရှေးဟောင်းဘုရားအား အနေကဇာ တင်လှူပူဇော်ပွဲ ကို ယခုကဲ့သို့ ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း သည် ပုဂံတွင်ထူးခြားမှတ်တမ်းတင်ရမည့် အခမ်းအနားကြီးဖြစ်ပါကြောင်း။

“...ဇိဏ္ဏကာ ...ဝါသ၊ ပဋိသင်္ခရဏံ ...” ဟူသော ပါဠိစကားအရ ဆွေးမြည့်ဟောင်းနွမ်းသော ဂူဘုရား၊ တန်ဆောင်း၊ ကျောင်းတို့ကို အသစ် တစ်ဖန်ပြုပြင်သော အလှူသည် သက်ရှည်ကျန်းမာ သံသရာအဆက်ဆက် ကုသိုလ်ရသော အလှူမျိုးပင်ဖြစ်ပါကြောင်း၊ ယခုကြွရောက်လာသော ဝန်ကြီးမှ အစ ဦးဆောင်ညွှန်ကြားရေးမှူးအပါအဝင် ဝန်ထမ်းမိသားစု၊ ဧည့်ပရိသတ် များသည် သက်ရှည်ကျန်းမာ၊ အနာကင်း၍ ဘေးရှင်းကြပါစေ၊ ကောင်းသော တောင့်တအပ်သောဆုနှင့် ပြည့်စုံကြပါစေကြောင်း...” စသည်ဖြင့် မေတ္တာဆုပေး သနားသည်။ ကြွရောက်လာကြသော ဝန်ကြီးနှင့် ဧည့်ပရိသတ်များ၏ ရေစက်ချ အမျှပေးဝေ သာဓုအနုမောဒနာခေါ်ဆိုသံများက ပုဂံနယ်မြေသာမက ဘဝဂ်[illegible] [illegible]ဒ္ဓါပီတိ ဂွမ်း[illegible]

မြဝတီရုပ်မြင်သံကြား

၅-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Historical Background of Myanmar Economy (ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဉာဏ်ကျယ်လေး”** (အပိုင်း-၁၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့ ဂုဏ်ပြုပညာပေးဇာတ်လမ်း”** **“ဘာပဲဖြစ်ဖြစ်သတိရပါ”** (ဒါရိုက်တာ- အရဏ်ဦး ကိုဇော် သရုပ်ဆောင်-ဒွေး၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်၊ သားညီ)

အမှာစကားပြောကြား

ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း "Integrating ASEAN's Newer Members" ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အာဆီယံ Newer Members ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၄

ASEAN Information Seminar Series (Fy 2003-2004) စီမံကိန်းအရ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီက ကျင်းပသည့် "Integrating ASEAN's Newer Members" ဆွေးနွေးပွဲကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်ကော်မတီဝင်များ၊ ASEAN ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီမှ ပြန်ကြားရေးဆပ်ကော်မတီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ASEAN Information Seminar Series ကျင်းပရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ASEAN Information Seminar Series ကျင်းပရေး ကြီးကြပ်မှုကော်မတီဝင် e-Application Working Committee အတွင်းရေးမှူး ဗိုလ်မှူးကြီး တင်ဦးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် "Integrating ASEAN's Newer Members" ဆွေးနွေးပွဲကို စတင်ကျင်းပရာ နံနက်ပိုင်း သဘာပတိအဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင့်လွင်က ဆောင်ရွက်ပြီး နိုင်ငံခြားရေး ဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုးက " Overview on Initiative for ASEAN Integrating (IAI)" အကြောင်းအရာကို လည်းကောင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က "IAI for Infrastructure" အကြောင်းအရာကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မွန်းလွဲပိုင်း သဘာပတိအဖြစ် ASEAN Information Seminar Series ကျင်းပရေး ကြီးကြပ်မှုကော်မတီဝင် e-Application Working Committee အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်ဦးက ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာန ရန်ကုန် စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကံဇော်က "IAI for Human Resource Development (HRD)" အကြောင်းအရာကို လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင့်လွင်က "IAI for Information Communication Technology (ICT)" အကြောင်းအရာကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာ အကြောင်းအရာအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စစ်တုရင်

မေ၄ရက်က (၆) ကြိမ်မြောက် အမျိုးသမီးတံခွန်စိုက်နှင့် သက်တန်းအလိုက် အမျိုးသားနှင့် အမျိုးသမီး စစ်တုရင်ပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပစဉ်။
(မြန်မာ့အလင်း)

အသက်(၁၃)နှစ်အောက်ဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၄

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပမည့် (၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို မေ ၅ ရက်(ယနေ့)မှ စတင်၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် အား/ကာသိပ္ပံ အမှတ် (၁)၊ (၂)ကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင်၁၅သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အုပ်စု(က)တွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ပဲခူးတိုင်း၊ အုပ်စု(ခ)တွင် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ကချင်ပြည်နယ်၊ အုပ်စု(ဂ)တွင် မကွေးတိုင်း၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရန်ကုန်တိုင်း၊ အုပ်စု(ဃ)တွင် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ချင်းပြည်နယ် တို့ပါဝင်ကြမည်ဖြစ်သည်။

ပထမအဆင့်အုပ်စုပွဲစဉ်များ မေ ၁၁ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များကို မေ၄ရက်မှ ၁၅ရက်အထိ လည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို မေ၆ရက်မှ ၁၇ရက်အထိ လည်းကောင်း၊ ဗိုလ်လုပွဲကို မေ၂၀ရက်တွင် လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းက ပို့ဆောင်ရေးကိုဂိုးပြတ်နိုင်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ပို့ဆောင်ရေးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်းအတွက် အနိုင်ဂိုးများကို ဇော်လင်းထွန်းက နှစ်ဂိုး၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်နှင့် တင်မင်းထွန်းတို့က တစ်ဂိုးစီ သွင်းယူပေးသည်။ စီးပွား/ကူးသန်းအသင်းသည် ယနေ့ပွဲတွင် ပွဲအစအဆုံး ခြေစွမ်းပြကစားပြီး ပထမပိုင်းမှာပင် လေးဂိုးအသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို စီးပွား/ကူးသန်းအသင်းမှ ဇော်လင်းထွန်းက ရရှိသည်။

ကာကွယ်ရေးနိုင်

လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသောပွဲစဉ်တွင် ကာကွယ်ရေးအသင်းက သတ္တုတွင်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ကာကွယ်ရေးအသင်းမှ ဌေးအောင်က ရရှိသည်။

ယနေ့ပွဲ

မေ ၅ ရက်(ယနေ့)ညနေ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မလိခအသင်းနှင့် တံခွန်အသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ လျှပ်စစ်စွမ်းအားအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။
(မြန်မာ့အလင်း)

ပထမအကြိမ် အလွတ်တန်း ဘီဘီဘီဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ မန္တလေး၌ကျင်းပမည်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၄ခုနှစ် ပထမအကြိမ် ဘီဘီဘီဖလားအလွတ်တန်းပိုက်ကျော်ခြင်း(REGU)ပြိုင်ပွဲကို ဇွန်၂ရက်မှ ၆ရက်အထိ မန္တလေးမြို့ ဗထူးကွင်းရှိ မိုးလုံလေလုံအားကစားရုံတွင်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း လက်ရွေးစင်များ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်းနှင့် ပြိုင်ပွဲဝင်ကြေး ကျပ်တစ်ထောင် သတ်မှတ်ထားပြီး ဆုကြေးအဖြစ် ပထမ ကျပ်နှစ်သိန်း၊ဒုတိယ ကျပ်တစ်သိန်းခွဲ၊ တတိယ ကျပ်တစ်သိန်းနှင့် စတုတ္ထ ကျပ်ငါးသောင်းချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် အသင်းများသည် မန္တလေးတိုင်း အားကစားနှင့်ကာယပညာကော်မတီနှင့် အမှတ် ၂၉၂၊ ၇၆လမ်း ၂၆/၂၇လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၃၆၁၉၊ ၂၅၆၂၃၊ ၆၁၄၈၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။
(မြန်မာ့အလင်း)

မြန်မာ့တုန်းတာကုန်စည်ပြပွဲ-၂၀၀၄ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင် ကျင်းပမည်

ရန်ကုန် မေ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့တုန်းတာကုန်စည်ပြပွဲ-၂၀၀၄ "Myanmar Tong Tah Trade Fair 2004"ကို ၂၀၀၄ခုနှစ် မေ၁၉ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် Tong Tah Co.,Ltd. မှ Pentel, Carl, Max, Midori, Sam Wang, Tae Yang, HelloKitty, Comix, Helix,Panacoအမှတ်တံဆိပ်ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာအမျိုးမျိုး၊ My Shaldan, ARS, Kobayashiအမှတ်တံဆိပ်ကား၊ အိမ်ခန်းသုံး၊ရေချိုးခန်းသုံး ရေမွှေးများ၊ Oriental Koshinအမှတ်တံဆိပ် လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊ Makita, Maktec အမှတ်တံဆိပ် လက်သမားသုံးပစ္စည်းများ၊ Turtle Wax, Soft 99 အမှတ်တံဆိပ် ကားပေါ်လစ်များ၊ WD-40 အမှတ်တံဆိပ်သံချေးချွတ်ဆေးများ၊ Granja, Kaaz အမှတ်တံဆိပ် မြက်ရိတ်စက်များ၊ V-Techကော်အမျိုးမျိုး၊ Stihl, Oleomac တံဆိပ် သစ်ဖြတ်စက်များ၊ Ercolina အမှတ်တံဆိပ် အလူမီနီယမ်လှေကားများ၊ Yamaha အမှတ်တံဆိပ် မီးစက်များ၊ Sanawa အမှတ်တံဆိပ် Multitester အမျိုးမျိုး၊ အင်ဂျင်အမျိုးမျိုးတို့ကို Star Entertainment Co.,Ltd. နှင့် ပူးပေါင်း၍ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲများ၊ တေးဂီတဖျော်ဖြေပွဲများအပြင် Bagan Cybertech, Myanmar Technology Gate Way, Soft Guide Computer, FIT Computer System, Citicon Computer, Smart Computer Technology နှင့် Canon တို့မှ Computer နှင့် အပိုပစ္စည်းများကို ပြသမည်ဖြစ်ပြီး အထူးအစီအစဉ်တစ်ရပ်အနေဖြင့် Bagan Cybertech မှ ပြပွဲကာလအတွင်း Internet ကို အခမဲ့သုံးစွဲခွင့်ပြုမည်ဖြစ်သည်။ Ngapali Construction နှင့် Shwe Gabar Maung Maung, Naing Group Construction တို့မှ အဆင့်မြင့်အိမ်ရာစီမံကိန်း ပုံစံငယ်များကိုလည်းကောင်း၊ Vector Co.,Ltd. နှင့် U Than Ohn & Sons တို့မှ Hard Wareပစ္စည်းများကိုလည်းကောင်း၊ Fresh Air Conditioners မှ လေအေးပေးစက်အမျိုးမျိုး၊ RF Maung Maung, Honda U Khin Maung တို့မှ အင်ဂျင်၊ မီးစက်နှင့် စက်ပစ္စည်းအမျိုးမျိုး၊ Shwe San Chaung အသင့်စားသုံးနိုင်သော အစားအစာများ၊ Win Garment MFG Co.,Ltd., Mya Nady, Gent Garment, Style Worldတို့မှ အသင့်ချုပ်ပြီး အဝတ်အထည်အမျိုးမျိုးကိုလည်းကောင်း၊ U Win Htoo (စိန်စကြာ) အမှတ်တံဆိပ် လွယ်အိတ်အမျိုးမျိုး၊ Shwe Kabar မှ ကလစ်၊ ရင်ထိုးအမျိုးမျိုး၊Win Family Industry&Trading Co.,Ltd. မှ ပန်းအလှပစ္စည်းအမျိုးမျိုး၊ Reva Co.,Ltd. နှင့် Shoe Studioတို့မှ ဖိနပ်အမျိုးမျိုး၊ Tricer Co.,Ltd. မှ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ Lone May နှင့် N.I.C.E တို့မှ လက်ဖက်ခြောက်၊ လက်ဖက်နှင့် အကြော်စုံများ၊ Star Croissant Bakery House မှ ကိတ်မုန့်နှင့် အစားအသောက်အမျိုးမျိုး၊ Moe Pyan Ananwa ငါးအူချောင်း၊ ငါးပေါင်းတို့မှ စည်ကားသိုက်မြိုက်စွာ ပါဝင်ပြသသွားမည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် ပန်းချီရေးဆွဲပြိုင်ပွဲကို ဝါသနာရှင်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်(၁)နှင့် မူလတန်းအဆင့်(၂)ဟူ၍ သတ်မှတ်ထားပြီး အဆင့်များအားလုံးအတွက်ခေါင်းစဉ်မှာ ဝဿန်မိုးရှုခင်း ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မေ၁၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရာ၌ ပြည်နယ်နှင့်တိုင်းအလိုက် ကွက်ပြည့်ဆောင်ရွက်ပေးလျက်ရှိ လယ်ယာမြေ ဖော်ထုတ်နိုင်သည့်မြေများကို လယ်ယာမြေတိုးချဲ့ဖော်ထုတ် ရေအားလျှပ်စစ်ရရှိနိုင်မည့်နေရာများတွင် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်များတည်ဆောက်

ရန်ကုန် မေ ၄

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၈ရက် နံနက် ၈နာရီက ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဦးဆန်းဦးလှိုင်က ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ်၏ ပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ရွှေသံလွင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ခံ ဦးထွန်းအောင်ကျော်က အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေး လုပ်ငန်းများ ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ပညာသင်ကြားရေးနှင့် ဆောက်လုပ်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

စင်းခန်းတံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး၌ စင်းခန်းချောင်းကိုဖြတ်၍ တည်ဆောက်လျက်ရှိသည့် စင်းခန်းတံတား တည်ဆောက်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေး လုပ်ငန်းကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

စင်းခန်းတံတားသည် အလျားပေ၄၆၀ရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ ရှိမည်ဖြစ်သည်။ တံတားအမျိုးအစားမှာ ၁ဒသမ၅မီတာ ၅ပေအချင်းရှိ ဘိုးပိုင်အုတ်မြစ်ပေါ်တွင် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မများနှင့် သံကူကွန်ကရစ် ကြမ်းခင်း တံတားဖြစ်မည်ဟု သိရှိရသည်။

ပေါင်းနက်ရေလှောင်တမံစီမံကိန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ထွက်ခွာလာပြီး ရွှေကူမြို့နယ် စီသောင်ကျေးရွာအနီးရှိ ပေါင်းနက်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

အဆိုပါ ပေါင်းနက်ရေလှောင်တမံကို ကချင်ပြည်နယ် ရွှေကူမြို့နယ် စီသောင်ကျေးရွာအနီးရှိ ပေါင်းနက်ချောင်း၌ တမံအမြင့် ၇၅ပေ၊ တမံအလျားပေ ၇၆၇၀ရှိ မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ၂၂၅၈၆ဧကပေ၊ ကန်ရေသေရေလှောင်ပမာဏ ၂၅၀၀ဧကပေ ဖြစ်ကာ ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာသည် ၁၁၀၉ဧကရှိမည်ဖြစ်သည်။

ပေါင်းနက်ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက စိုက်ပျိုးဧက၅၀၀၀ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရွှေကူမြို့သို့ ရောက်ရှိကြပြီး ရွှေကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် "နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ခေတ်မီနိုင်ငံတော်ကြီးကို တည်ဆောက်ရာ၌ ပြည်နယ်နှင့်တိုင်းအလိုက် ကွက်ပြည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးချဲ့ဖော်ထုတ်

ရွှေကူမြို့နယ်ရှိ ပြည်သူများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်ငါးရပ်ကို ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း၊ လယ်ယာမြေဖော်ထုတ်နိုင်သည့် မြေများကို လယ်ယာမြေတိုးချဲ့ဖော်ထုတ်သကဲ့သို့ ရေအားလျှပ်စစ်ရရှိနိုင်မည့် နေရာများတွင်လည်း ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်များကို တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း"ဖြင့် တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရွှေကူပြည်သူ့ဆေးရုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရွှေကူမြို့ ပြည်သူ့ဆေးရုံ၏ သွားနှင့်ခံတွင်းရောဂါကု ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ ခွဲစိတ်ပြီးလူနာဆောင်၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ အမျိုးသားသွေးလှူဘဏ်၊ အမျိုးသားဆောင်နှင့် အမျိုးသမီးလူနာဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများအား မှာကြားကာ မွေးလူနာများ၏ ရင်သွေးငယ်များအား ထောက်ပံ့ငွေများကို မိခင်များအား ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အလျားပေ ၁၀၀ရှိ ပေါင်းနက်ချောင်းတံတား(ရွှေကူမြို့တွင်း)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ရွှေကူမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ညနေပိုင်းတွင် ရွှေကူတပ်နယ်ရှိ မြဝတီခန်းမ၌ ရွှေကူတပ်နယ်ရှိ တပ်မတော်အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တပ်မတော်အရာရှိ၊စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ရွှေကူတပ်နယ်အတွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ထိုနေ့နံနက်ပိုင်းတွင် ဗန်းမော်တပ်နယ် တိမ်ကြားမင်းခေါင်ခန်းမ၌ ဗန်းမော်တပ်နယ်အတွင်းရှိ တပ်မတော်အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် ဗန်းမော်မြို့ စင်းခန်းရွာအနီး တည်ဆောက်လျက်ရှိသည့် စင်းခန်းတံတား တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ် ဗန်းမော်အစိုးရနည်းပညာကောလိပ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

အဘိဓမ္မာပြန့်ပွားရေးအသင်း ပိဋကတ်စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၄

ဆူးလေစေတီတော် ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ပိဋကတ် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ကဆုန်လပြည့်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အဘိဓမ္မ ရတနာဃရ အဘိဓမ္မာဓမ္မ ဗိမာန်တော်၌ ကျင်းပရာ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒာစရိယ နှစ်ကျိပ်ရှစ်ဆူ ဆရာတော်ကြီးထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အသင်း၏ ဒုတိယဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ မဟာအဘိဓမ္မ ဟိတဓရ သူရိယပဘာ ဦးကျော်ခင်မြင့်(မောင်ရင့်ကျူး-မြောင်းမြ)က ပိဋကတ်စာကြည့်တိုက် ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်မှုများကို လျှောက်ထားတင်ပြသည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နှစ်ကျိပ်ရှစ်ဆူ ဆရာတော်ဘဒ္ဒန္တဣန္ဒာစရိယက ရေစက်ချတရား ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပိဋကတ် စာကြည့်တိုက်ကို နှစ်နေရာခွဲ၍ ဖွင့်လှစ်မည်ဖြစ်ပြီး ဗဟန်းအဘိဓမ္မာ ဗိမာန်တော်တွင် နံနက်၉နာရီခွဲ မှ ညနေ၄နာရီအထိ တနင်္လာနေ့မှအပ ဖွင့်လှစ်မည်ဖြစ်သည်။ ဆူးလေစေတီတော် ရင်ပြင်တော်ပေါ်ရှိ အဘိဓမ္မာရုံးခန်းတွင် စနေ၊ တနင်္ဂနွေနေ့များမှအပ နေ့စဉ် နံနက် ၈နာရီခွဲမှ ညနေ ၆နာရီအထိ ရဟန်းရှင်လူ အပေါင်းဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▼ **ကျောဖုံးမှ**

တစ်သိန်းကို လက်ခံဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။ တစ်နေ့လျှင် ကွန်တိန်နာ အလုံးရေ ၁၀၀၀ ကို အဝင်အထွက် လက်ခံ ဆောင်ရွက်ပေးလျက်ရှိသည်။ သီလဝါဆိပ်ကမ်း အနေဖြင့် ဝန်ဆောင်နိုင်မှုပမာဏကို ယခုထက်ပိုမို၍ တိုးချဲ့ လက်ခံဆောင်ရွက်ပေးနိုင်စွမ်းလည်း ရှိသည်။ ထိုသို့ တိုးချဲ့ လက်ခံဆောင်ရွက်ပေးလာမည်ဆိုပါက ရန်ကုန်–သန်လျင် တံတား အမှတ်(၁)ပေါ်မှ ကွန်တိန်နာတင်ဆောင်သောကားကြီးများ အစီးရေ ပိုမိုများပြားစွာ ဖြတ်သန်းသွားမည့်အနေအထား ရှိလာတော့မည်ဖြစ်သည်။

ရေချိုများ

ထို့အပြင် ရန်ကုန်မြို့နှင့် မိုင်၃၀ ပတ်လည် စိမ်းလန်းစိုပြည်သာယာရေး စီမံကိန်းအရ ခရမ်း၊ သုံးခွမြို့နယ်များသည် အဆိုပါ စီမံကိန်း ဧရိယာတွင်း ပါဝင်လျက်ရှိသည်။ သို့သော် ခရမ်း၊ သုံးခွဒေသအတွင်း ရေချိုမရှိသဖြင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ရန်ကုန်မြို့မှ ရေချိုများကို သွယ်တန်းယူရမည့် အနေအထားပင်ဖြစ်သည်။

ကွန်တိန်နာယာဉ်များ ပိုမိုများပြားစွာ ဖြတ်သန်းလာနိုင်သည့် အနေအထားနှင့် ခရမ်း၊ သုံးခွမြို့နယ်များသို့ ငမိုးရိပ်ဆည်မှ ရေချိုကို ပိုက်လိုင်းဖြင့် သွယ်တန်းယူနိုင်ရေး အဆင်ပြေလွယ်ကူမှုရှိမည့်အပြင် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ရန်ကုန်–သန်လျင် တံတား အမှတ်(၂)ကို ၂၀၀၀ပြည့်နှစ် မေ ၂ ရက်မှ စတင်တည်ဆောက်လျက်ရှိရာ ယခုအခါ လုပ်ငန်းပမာဏ ၆၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ရန်ကုန်–သန်လျင် တံတားအမှတ်(၂)တည်ဆောက်ရန်အတွက် ၁၉၉၈ ခုနှစ် အောက်တိုဘာ၂၆ရက်၌ ကျင်းပခဲ့သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအစည်းအဝေး အမှတ်စဉ် (၁/၉၈)၌ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ရန်ကုန်–သန်လျင် တံတား အမှတ်(၂)၏ လုပ်ငန်းခွင်တည်နေရာမှာ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဖြစ်သည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ်ကို ဆက်သွယ် ဖောက်လုပ်နေခြင်းဖြစ်သည်။ သန်လျင်မြို့နယ်ဘက်ခြမ်း၏ ချဉ်းကပ်လမ်း နေရာမှာ ကုလားဝဲ ကျေးရွာအနီး တည်ရှိသဖြင့် “ကုလားဝဲ တံတား”ဟုလည်း အတိုကောက် ခေါ်ဆိုသည်။

ရန်ကုန်–သန်လျင် တံတားအမှတ်(၂)၏တံတားအရှည်မှာ ပေ ၄၅၄၀ဖြစ်သည်။ ခြောက်လမ်းသွားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ်၇၂ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေဖြစ်သည်။တံတားအမျိုးအစားမှာ ကြိုတင်အားဖြည့် ရက်မနှင့် သံကူကွန်ကရစ်တံတားဖြစ်သည်။ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မြေအကျယ် ပေ ၁၃၀ဖြစ်ပြီး အမြင့် ၁၈ပေ(အမြင့်ဆုံး ရေမျက်နှာပြင်အထက်)ဖြစ်သည်။

အပေါ်ထည် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မနှင့် ကွန်ကရစ်ကြမ်းခင်းအောက်ထည်သံကူကွန်ကရစ်တိုင်များဖြစ်သည်။ ချဉ်းကပ်လမ်း၊ ချဉ်းကပ်တံတား၊ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မနှင့် ကွန်ကရစ်ကြမ်းခင်းများသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၏ ပုံစံဖြစ်သည်။ တံတားပေါ်တွင် ခွင့်ပြုအလေးချိန် ၇၅ တန် ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။ ၁၉၉၈ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် မြေသားစမ်းသပ်မှုများပြုလုပ်ခဲ့ပြီး ၁၉၉၉ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ပြီးစီးခဲ့သည်။

တာဝန်ယူတည်ဆောက်

ရန်ကုန်–သန်လျင်တံတားအမှတ်(၂)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း



ရှင်းလင်းပြောကြား

ရန်ကုန်–သန်လျင်တံတား အမှတ်(၂) တည်ဆောက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ စီမံကိန်းရှင်းလင်းဆောင်၌ လက်ထောက်အင်ဂျင်နီယာဦးအောင်မြတ်ဦးက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

အထူးအဖွဲ့ (၁)က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။ စီမံကိန်းတာဝန်ခံအဖြစ် ဒုတိယအင်ဂျင်နီယာချုပ် (တံတား)ဦးမြင့်လွင်က တာဝန်ယူပြီး ဒုတိယအင်ဂျင်နီယာမှူးကြီး (လျှပ်စစ်)ဦးသန်းထွန်း၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)ဦးအောင်မြတ်ဦး၊ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးတင်ဦး၊ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)ဦးဝင်းမင်းထွဋ်၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးမျိုးဝင်း၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးသန်းတိုးအောင်၊ လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ဦးနေစိုး၊ လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်) ဦးကျော်တင့်၊ လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ဦးထွန်းမြတ်၊ လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်) ဦးအေးကျော်ရှိန်နှင့် လက်ထောက်အင်ဂျင်နီယာ(ရေသန့်)ဦးမျိုးမြင့်အောင်တို့က အသီးသီးတာဝန်ယူလုပ်ဆောင်လျက်ရှိသည်။ အမြဲတမ်းဝန်ထမ်း ၅၀ နှင့် နေ့စားဝန်ထမ်းများ ပူးပေါင်း၍ တည်ဆောက်နေခြင်းဖြစ်သည်။

ရန်ကုန်–သန်လျင်တံတား အမှတ်(၂)တည်ဆောက်လျက်ရှိသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ဘက်ခြမ်းရှိ စီမံကိန်းတာဝန်ခံရုံးသို့ မြန်မာ့အလင်း သတင်းအဖွဲ့ကသွားရောက်၍ စီမံကိန်းရှင်းလင်းဆောင်၌ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးအောင်မြတ်ဦးအား တံတားတည်ဆောက်နေမှု အခြေအနေနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်။

ရှေးဦးစွာ ရန်ကုန်–သန်လျင် တံတားတည်ဆောက်နေမှုအခြေအနေနှင့်ကြုံတွေ့ရသည့် အခက်အခဲများကို မေးမြန်းရာတွင် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးအောင်မြတ်ဦးက “ရန်ကုန်–သန်လျင်တံတား အမှတ်(၂)၏ ထူးခြားချက်မှာ လက်ရှိတည်ဆောက်ပြီး ကွန်ကရစ် ရက်မဖြင့် တည်ဆောက်သည့် တံတားများထဲတွင် ခြောက်လမ်းသွား တံတားများအနက် အရှည်ဆုံးတံတား ဖြစ်ကြောင်း၊ ပြည်ပသုံးငွေ သက်သာစေရန် ပြည်တွင်းဖြစ်သံချောင်းများ အသုံးပြုပြီး ကွန်ကရစ်ရက်မများ တည်ဆောက်ထားကြောင်း၊ တံတား တည်နေရာမှာ ပင်လယ်နှင့်နီးနေပြီး ဒီရေအတက်အကျများသည့်အတွက် ရေလယ်တိုင် လုပ်ငန်းများ ဆောင်ရွက်ရာ၌ အခက်အခဲအချို့ ရှိကြောင်း၊ ဒီရေ အတက်အကျကို ချိန်ဆပြီးလုပ်ရသည့်အတွက် အချိန်ယူဆောင်ရွက်ရသည့် အနေအထား ရှိကြောင်း၊ ပင်လယ်ဝဖြစ်၍ ဒီရေအတက်ကြမ်းမှုနှင့် ကြုံတွေ့ရကြောင်း”မြန်မာ့အလင်းသို့ ပြောကြားသည်။

အကျိုးဖြစ်ထွန်းမှု

ဆက်လက်၍ ရန်ကုန်–သန်လျင် တံတားအမှတ်(၂) တည်ဆောက်ပြီးစီးသွားပါက အကျိုးဖြစ်ထွန်းလာမည့် အခြေအနေများကို မေးမြန်းရာတွင် “ရန်ကုန်–သန်လျင်တံတားအမှတ်(၂) သည် နောင်တိုးချဲ့လာမည့် ရန်ကုန်မြို့တော်၏ နယ်နိမိတ်အတွင်း တည်ရှိသောကြောင့် ခြောက်လမ်းသွားအဖြစ် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ မူလက လေးလမ်းသွား တံတားအဖြစ်သာ လျာထားခဲ့ကြောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌တည်ရှိသည့်ယုဇနဥယျာဉ်မြို့တော်သည် အခန်းပေါင်း ၁၁၉၀၀ ရှိသည့် အိမ်ရာစခန်းဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံရပ်ခြားမှ ရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ကိုင်သည့် စက်မှုလုပ်ငန်းများ ရှိကြောင်း၊ သန်လျင်ဘက်ခြမ်း၌ သီလဝါဆိပ်ကမ်း တည်ဆောက်ထားပြီးဖြစ်၍ ကွန်တိန်နာတင်ယာဉ်များသွားလာမှုပိုမိုလွယ်ကူနိုင်ကြောင်း၊ ခရမ်းသုံးခွဒေသသည် ရန်ကုန်မြို့နှင့် မိုင်၃၀ပတ်လည် စိမ်းလန်း စိုပြည်ရေးအစီအစဉ်၌ ပါဝင်သဖြင့် ငမိုးရိပ်ဆည်မှရေချိုကိုသန်လျင်တံတား အမှတ်(၂)ပေါ်မှ ပိုက်လိုင်း သွယ်တန်း ပေးနိုင်မည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

ရန်ကုန်–သန်လျင်တံတားအမှတ်(၂)သည် ရန်ကုန်ဘက်ခြမ်းတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်အနီး၌ ချဉ်းကပ်လမ်း တည်ဆောက်ထားပြီး သန်လျင်ဘက်ခြမ်း၌ ကုလားဝဲကျေးရွာ၌ ချဉ်းကပ်လမ်းတည်ဆောက်ထားသည်။ကုလားဝဲကျေးရွာမှလမ်းသည် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်ဘက်သို့ သွားလာနိုင်သည့် ခရမ်း–သုံးခွလမ်းသို့ ဆက်သွယ်မည်ဖြစ်သည်။ ရန်ကုန်–သန်လျင် တံတား အမှတ်(၁) အထက်ပိုင်း၌ တည်ဆောက်လျက်ရှိသော ရန်ကုန်–သန်လျင်တံတား အမှတ်(၂) ပြီးစီးသွားပါက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ လမ်းပန်း ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

ဂုဏာပူဇာမင်္ဂလာသဘင် ကျင်းပမည်

ရန်ကုန် မေ ၄

အမရပူရအသင်း(ရန်ကုန်)၏ ဩဝါဒါစရိယ ဆရာတော်ဖြစ်သော ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်သုန္ဒရအား နဝမအကြိမ်မြောက် ဂုဏာပူဇာ မင်္ဂလာသဘင်ကို မေ ၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် သဃ်န်းကျွန်းမြို့နယ်၌ကျင်းပမည်ဖြစ်သည်။ အသင်းသူအသင်းသားများ၊ ရန်ကုန်ရောက် အမရပူရမြို့နယ်သားများ၊ ဓမ္မမိတ်ဆွေများ တက်ရောက်ပူဇော် ကြည်ညိုနိုင်ပြီး လှူဖွယ်ဝတ္ထုပစ္စည်း အစုစုတို့ကို ကိုယ်တိုင်ဆက်ကပ်၍ဖြစ်စေ၊ အသင်းဥက္ကဋ္ဌ ဦးဘစီ၊ အတွင်းရေးမှူး ဦးစိန်ဝင်း အမှတ် ၁၉၁ ၂၈ လမ်း ရန်ကုန်မြို့ ဖုန်း–၂၈၁၃၀၂ မှတစ်ဆင့်ဖြစ်စေ သဒ္ဓါတရား ထက်သန်စွာ ပါဝင်လှူဒါန်း ကုသိုလ်ယူကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

တာမွေမြို့နယ် မြို့ဦးပရိယတ္တိ စာသင်တိုက် ၂၀၀၄ခုနှစ် အဂ္ဂမဟာဂန္ထဝါစကဘွဲ့တံဆိပ်တော်ရ ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမုဒ သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတအား ဂုဏာပူဇာ ဂုဏ်ပြုပူဇော်ပွဲကို မေ ၃ ရက်က ကျင်းပရာ ဆရာတော်အား သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(၁၁၅)

ရန်ကုန်/မန္တလေး ဈေးသင်္ဘောထွက်ခွာမည်

ရန်ကုန် မေ ၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေးဈေးသင်္ဘော ခေါက်ရေ(၁) “မြဒီပါ” ရေယာဉ်သည် မေ၁၅ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၆) တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်တော်လည်းကောင်း၊ ဖုန်း– ၂၉၂၁၉၉၊ ၂၉၂၃၁၉တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်–သန်လျင်တံတားအမှတ်(၂) လုပ်ငန်းခွင် ရေလယ်တိုင် အမှတ် (၈)၌ RCD နည်းအသုံးပြု၍ စက်ယန္တရားများဖြင့် ဤသို့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၄

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် (၂၄)ကြိမ်မြောက် မင်္ဂလာဗျူဟာဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်ပွဲကို မေ၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ၆နာရီခွဲတွင် ကျင်းပ၍ အသင်းချုပ် နာယက ကမ္ဘာ့ဌာနာစရိယချုပ် မဟာ သဒ္ဓမ္မဇောတိကဓဇဆရာကြီး ဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)နှင့်ကမ္မဋ္ဌာနာစရိယ လေးဦးတို့က အနီးကပ်ညွှန်ကြားပြသမည်ဟု သိရသည်။ **(က-ပ)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၄

ဧပြီ ၁၄ရက် ၂၀၀၄ခုနှစ် (သင်္ကြန် ပထမအကြတ်နေ့)တွင် တောင်ဥက္ကလာပ ဂေါက်ကွင်း၌ ဦးစိန်မှိုင်း (ဦးရွှေလင်း-ဒေါ်ကြင်ကြင် အီလတ်ထရွန်နစ်ဆိုင်)သည် ၂၀၅ ကိုက်အကွာ ဝေးရှိသော ကျင်းနံပါတ် ၁၅ တွင် ဂေါက်သီးအမျိုးအစား Willson W T.C ^{2} No. 3အား ဂေါက်ရိုက်တံနံပါတ် Ping-6 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရှိရသည်။ ကစားဖော် နှစ်ဦးမှာ ဦးအေးချို (BMT Computer) နှင့် ဦးသန်းဌေး(Myint Hydrewlic Brake Part) တို့ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(၇/၂၂၅၀)မှ(၈/၈၅) ပြောင်းအမျိုးအမည် ဗီလီအမျိုးအစား ဂျစ်မော်တော်ယာဉ်အား မောင်တောမြို့နယ် စည်ပင် သာယာရေးအဖွဲ့ ဦးဘမြင့်(TTN°°-၁၆၄၅၂၂) က မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန(ပြည်နယ်ရုံး) စစ်တွေသို့ လာရောက် ဆက်သွယ်ပါရန်။

ကညန
ပြည်နယ်ရုံး၊ စစ်တွေ။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဗိုလ်မှူးစောထွန်းဆွေ(ငြိမ်း)-ဒေါ်ကြည်ကြည်ညွန့်တို့၏
တစ်ဦးတည်းသောသားကြီး

မောင်ဝဏ္ဏသက်ထွန်း (B.Sc., Chemistry)

နှင့်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဗိုလ်ကြီးစိုးဝင်း(ငြိမ်း)နှင့်
ရန်ကင်းမြို့နယ်နေ ဒေါ်မြမြစန်းတို့၏
တစ်ဦးတည်းသောသမီး

မစန္ဒာစိုးဝင်း (B.Sc., Zoology)

သတင်းဌာန(မြဝတီရုပ်မြင်သံကြား)

တို့၏ ၂၉-၄-၂၀၀၄ ရက်တွင် နေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော အနောက်ပိုင်းခရိုင်တရားသူကြီး ဦးစိုးသန့်အားလည်းကောင်း၊ ၂-၅-၂၀၀၄ ရက် လပြည့်ဝန်းပလာဇာ မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင်နှင့်ဇနီးဒေါ်အေးအေးသန်းတို့အားလည်းကောင်း၊ ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးသော ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ သာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့်ဇနီး၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ် စိုးမောင်၏ဇနီး ဒေါ်ဖြူဖြူအေး၊ ပြည်ထဲရေးဝန်ကြီးဌာန ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၏ဇနီး ဒေါ်ခင်မေစိုး၊ စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ တေးဂီတ The Aces၊ မိတ်ကပ်'ပွင့်'နှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးသော ဗိုလ်ချုပ်ဈေး ပွင့်ဖြူရတနာဆိုင်မှ အန်တီယုနွယ်ဝင်း၊ မေတ္တာဖြင့် မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော မြဝတီရုပ်မြင်သံကြားနှင့် စိုးမိုးကျော်၊ ဝိုင်းဝိုင်းလည်မိသားစု၏ 'ထာဝရ'Photo Studio၊ သတို့သမီးဝတ်စုံ အန်တီတူး၊ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ ဝိုင်းဝန်းကူညီကြသော သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝဏ္ဏသက်ထွန်း-မစန္ဒာစိုးဝင်း။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးမြို့နေ (ဦးလှမောင်)-ဒေါ်ဝက်တို့၏သား၊ မခင်ဝင်းဝင်း၏မောင်၊
(ကိုအေးကို)၏ညီ၊ မစန်းစန်းဝေ(သ/မဦးစီးဌာန)၏အစ်ကို

မောင်မောင်တာ B.A(History)

ကျောင်းအုပ်၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန

နှင့်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးကျော်စိန်(ငြိမ်း)(ညွှန်ကြားရေးမှူး-ငြိမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန)-
ဒေါ်အေးချို(အထက်တန်းပြဆရာမ၊ငြိမ်း) တို့၏သမီးဦး၊ ကိုအောင်ကျော်မိုး (ဦးစီးအရာရှိ၊
အိုးအိမ်ဦးစီးဌာန)-မစုနှင်းအောင်တို့၏အစ်မ

မသင်းသင်းဇင် (စာရေးဆရာမ ဇင်)

B.Sc(Hons:)(Chemistry), Diploma in Japanese(U.F.L)

စာတည်း(အယ်ဒီတာ)၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

တို့၏ ၁-၅-၂၀၀၄ရက်(မေဒေးနေ့)တွင် Yuzana Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းရီ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၏ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နွယ်၊ မင်္ဂလာ အောင်စံပယ်ပန်းကုံး၊ မင်္ဂလာလက်ထပ်လက်စွပ်နှင့် ၂၁-၁၂-၂၀၀၃ ရက်တွင် Mya Yeik Nyo Royal Hotel၌ စေ့စပ်မင်္ဂလာလက်စွပ်ဆင်မြန်းပေးသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်ဇနီး ဒေါ်မြသန်း၊ ၂၅-၄-၂၀၀၄ရက်တွင် ထိမ်းမြားမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသည့် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၊ မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် မင်္ဂလာဧည့်ခံပွဲသို့ မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ပေးသည့်ဂုဏ်သရေရှိလူကြီးမင်းများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာအခါတော်ပေးသီချင်းကိုမေတ္တာဖြင့် သီဆိုပေးသည့် ဒေါ်ခင်ညွန့်ရည်(အန်တီလေး)၊ အခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မိတ်ကပ်စိုးစိုး၊ ဗီဒီယိုနှင့်ဓာတ်ပုံ ကိုမျိုးသိန်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မယုဇနဦး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးကြသော သားငယ်မောင်ရဲခေါင်ဦးနှင့် သမီးငယ် မရတနာပိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသည့် ညီမလေး ချိုချို၊ လက်ထပ်မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသည့် ညီမငယ် ဖြူဝင်းအိ၊ မေတ္တာဖြင့်ပန်းအလှပြင်ပေးသည့် ဒေါ်တင်တင်အေး(အိမ်တွင်းမှု)၊ မေတ္တာဖြင့် သီဆိုချီးမြှင့်ပေးသည့် ရသသံစဉ်တေးဂီတအဖွဲ့မှ စာရေးဆရာ၊ ဆရာမများ၊ သတို့သမီးဝတ်စုံဖန်တီးပေးသည့် မယဉ်ကျေးနှင့် မသက်၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသည့် ဆွေမျိုး မိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသူများနှင့် Yuzana Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မောင်တာ-မသင်းသင်းဇင်(ဇင်)။

တတ်ဆီဖြည့်မှု
သတိပြု

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့

၂၀၀၄ခုနှစ်မေလ၅ရက်(ယနေ့)သည် (၅၈)နှစ်မြောက် **'မီးသတ်တပ်ဖွဲ့နေ့'** ဖြစ်သည်။

"ရန်သူငါးပါးထဲမှာ အင်မတန်ဆိုးရွားလှတာ မညှာတာ ဘယ်သူ့မှ မထောက်တာ သူခိုးဓားပြထက်ဆိုးတဲ့ရန်သူဟာ ဤဇမ္ဗူတစ်ခွင်မှာ ရန်သူမီးကို အစဉ်အမြဲသတိပြုပါ . . ."

အိမ်ရှေ့ရှိ အရန်မီးသတ်တပ်ဖွဲ့မှ နံနက်၁၁နာရီတွင် တစ်ကြိမ်၊ ညနေ ၄နာရီတွင် တစ်ကြိမ်၊ ည၈နာရီတွင်တစ်ကြိမ် အသံချဲ့စက်ဖြင့် မီးသတိပေး သီချင်းဖွင့်သံကို ကြားရသည်မှာ မီးအတွက် ကြောက်မက်ဖွယ်ရာဖြစ်ရသည်။

နှစ်စဉ်နှစ်တိုင်း မီးလောင်မှု သတင်းများကို မကြာခဏ ကြားနေရသည်။ ယခုအချိန်သည် အလွန်ပူပြင်းခြောက်သွေ့သော ရာသီဖြစ်သဖြင့် မီးဘေးအန္တရာယ်မှာ အထူးအလေးထားစရာ ဖြစ်သည်။ **'ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ'** ဟူသော ရန်သူမျိုးငါးပါးတွင် **'မီး'** သည် တစ်ပါးအပါအဝင်ဖြစ်သည်။ မီးသည် ကမ္ဘာဦးအစမှ လူတို့အတွက်မရှိလျှင်မဖြစ် အသုံးဝင်လှသည်။ သို့ရာတွင် မီးကိုသုံးတတ်လျှင် အကျိုးရှိ၍၊ မသုံးတတ်လျှင် အကျိုးများစွာ ဆုတ်ယုတ်ပျက်ပြားစေနိုင်သည်။ ရှေးမြန်မာစကားတွင် **'အမှိုက်ကစ ပြာသာဒ်မီးလောင်'** ဟူသော ဆိုရိုးစကားသည် မီးပေါ့ဆမှု၊ သတိမမူမှုကြောင့် အကြီးအကျယ် လောင်ကျွမ်းပျက်စီးဆုံးရှုံးရကြောင်း ဆိုရိုးဟောင်းပင် ဖြစ်သည်။

မီးလောင်ကျွမ်းမှုကြောင့် အသက်အိုးအိမ် စည်းစိမ်သာမက မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် စာပေနှင့်ရှေးဟောင်းအဆောက်အအုံများ ပျက်စီးခဲ့ရသည်မှာ ရှေးခေတ်အဆက်ဆက်ကပင်ဖြစ်သည်။ မြန်မာ့သမိုင်းတွင် ရှေးအကျဆုံးသော မီးလောင်ကျွမ်းမှု အထောက်အထားကို ပျူမြို့ဟောင်းများဖြစ်သော ဗိဿနိုး(အေဒီ ၁-၅ ရာစု)နှင့် ဟန်လင်း(အေဒီ ၄-၉ရာစု)မြို့ဟောင်းများကို ရှေးဟောင်း သုတေသနဦးစီးဌာနက တူးဖော်ရာတွင် တွေ့ရှိရသော မီးလောင်ကျွမ်းနေသည့် အထောက်အထားများက သက်သေခံနေသည်။

ရှေးမြန်မာဘုရင်များသည် မီးဘေးကို အလွန်ကြောက်ကြ၍ **'မီးဘေးကိုရှောင် မလောင်ခင်ကတား'** ဟူသကဲ့သို့ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ခဲ့ကြသည်။ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် ပတ်သက်၍ မလိုက်နာသူကို အပြစ်ပေးလေ့ရှိကြောင်းကို အစောဆုံးတွေ့ရသော ညောင်ရမ်းခေတ် သာလွန်မင်း (အေဒီ ၁၆၂၉-၁၆၄၈)၏ အမိန့်ပြန်တမ်းတွင် **'ခိုးသေးမီးပွား မပေါ်မထွက်ရအောင် ညဥ့်နေ့နှိုးဆော်၍ တစ်အိမ်ကို ချိတ်ချိတ်သော ဝါး ၁၀ စင်းတန်သည်၊ ငါးစင်းတန်သည် စိုက်ထောင်၍ အိမ်မိုးမှာလည်း ရေအိုး ရေပြည့်တင်စေ၊ ထမင်းဟင်း ချက်ပြုတ်သည်မှာလည်း ကျင်းကို စောက်သုံးတောင်တူး၍ ချက်ချိန်ကိုသာ ချက်စေ၊ နံနက် လေးချက်တီးကျော် သုံးမောင်းက ချက်ပြုတ်၍ မီးသေငြိမ်းစေ၊ ညနေ သုံးချက်တီးကျော် နှစ်မောင်းတွင် လက်မထောင်မှူးတို့က မောင်းသံပေးလျှင် ထမင်းချက်စေ၊ ညနေ သုံးချက်တီးကျော် ခုနစ်မောင်းကို မီးသေငြိမ်းစေ၊ ချက်ပြုတ်ချိန် မောင်းသံပေးသည့်အချိန်တွင်းက လွန်သည့်အချိန်တွင် တစ်အိမ်မျှ မီးပွား၊ မီးပေါက်၊ မီးပွင့်မရှိစေနှင့်။ မီးကျင်းတွင် မီးဆော်တို့အမှိုက်ကြက်မွေးနှင့် တို့၍ စမ်းသပ်စေ။ သေငြိမ်းချိန်ကာလဖြစ်လျက် မသေငြိမ်း၊ စမ်းသပ်သည့်အမှိုက် ကြက်မွေးကို မီးစွဲကပ်လောင်လျှင် မီးရှိသည့် အိမ်ရှင်ကို ရှေ့ရုံးမှအပ်စေ။ လမ်းခရီး၊ လမ်းကူး၊ လမ်းကြား၊ လမ်းကွေ့မြင်အတွင်း အိမ်များမှာလည်း ဆေးအိုး၊ ဆေးတန်သောက်၍ မသွားမလာစေနှင့်။ သွားလာသူတို့ကိုတွေ့လျှင် ဆေးအိုး၊ ဆေးတန်ကို လုယူသိမ်းထား၍ အချက် ၁၀၀ရိုက်၊ မီးဆော်ကို တစ်နေ့ငါးကြိမ် လှည့်ပတ်စမ်းသပ် စစ်ကြောစေ'** ဟု တွေ့ရသည်။

မောင်ကျော်လှိုင် (အသုတ်)

မကြာခဏ မီးလောင်ရသော အကြောင်းများကို ဆန်းစစ်ကြည့်လျှင် အဆောက်အအုံများမှာ ဝါး၊ ဓနိ၊ သက်ငယ်များဖြင့် ပြွတ်သိပ်ဆောက်ထားခြင်း၊ မိမိတို့သုံးစွဲသော မီးကို ပေါ့ဆအလေးမမူခြင်း၊ ဥပမာ-အောက်ခံမရှိသော ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ခြင်း၊ ခြင်ထောင်နားတွင် မီးခွက်ဖြင့် စာဖတ်ရင်း အိပ်ပျော်ခြင်း၊ မီးဖိုထဲရှိ မီးများကို လက်စဖြင့်ထားခြင်း၊ လေတဟူးဟူးထဲတွင် အကာအရံ မရှိဘဲ မီးမွှေးခြင်း၊ လမ်းပေါ်တွင် ဆေးလိပ်၊ ဆေးတန်သောက်၍ မီးပွားများကျခြင်း၊ မီးမသတ်ဘဲ လွှင့်ပစ်ခဲ့ခြင်း၊ အိမ်နားတွင် ကောက်ရိုးပုံ ထားခြင်း၊ ကောက်ရိုးပုံနားတွင် မီးဖိုခြင်း၊ အမှိုက်ကို မီးရှို့ခြင်း၊ ရေနံဆီလောင်း၍မီးမွှေးခြင်း စသည်ဖြင့် အလေးမမူရာမှ စတင်ကြောင်း တွေ့ရသည်။ အချို့မြို့ရွာများသည် လယ်ကွင်းများ၊ သစ်တောများနှင့် နီး၍ သစ်ကြိတ်ရာမှ စတင်၍ဖြစ်ပေါ်လာသော တောမီးကြောင့် မြို့ရွာများကို ကူးစက်ခြင်း၊ လယ်ကွင်းရှိ ရိုးပြတ်များကို မီးရှို့၍သော် လည်းကောင်း၊ ဆေးလိပ်များကို လွှင့်ပစ်ခဲ့ခြင်းကြောင့်သော်လည်းကောင်း မီးလောင်ရာမှ လေပင့်ပြီး မြို့ရွာများကို ကူးစက်ခြင်းများလည်း ရှိသည်။

ထို့အပြင် အလိုအလျောက် လောင်တတ်သော စပါးခွံ၊ ဖွဲနု၊ ဂုန်လျှော်၊ ဂုန်နီအိတ်၊ ဝါဂွမ်းများ စုပုံထပ်ထားခြင်း၊ စပါးများ အပူအအေး မညီမျှခြင်း၊ စက်ဝင်ရိုးများ ဆီမထိုး၍ အလွန်ပူပြီး မီးဖြစ်ခြင်း၊ လျှပ်စစ်လိုင်းများ ချို့ယွင်း၍ ရှော့ဖြစ်ခြင်း၊ စိတ်မနှံ့သူများက မီးရှို့ခြင်း၊ သောင်းကျန်းသူများက မီးရှို့၍လောင်ခြင်း စသောအကြောင်းများကို တွေ့ရှိရသည်။ မီးလောင်ရာတွင် ဓာတ်ဆီ၊ဒီဇယ်ဆီ၊ ရေနံဆီ စသောလောင်စာဆီများနှင့် တွေ့ကြုံပါက မီးမှာ တားမရဆီးမနိုင် ဖြစ်ရတော့သည်။

ထို့ကြောင့် လောင်စာဆီ သိုလှောင်ရောင်းချမှုများသည် မီးအတွက် အထူး အန္တရာယ် ကြီးမားလှသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၆ခုနှစ် မေလ ၅ရက်နှင့် ၆ရက်နေ့များတွင် ရန်ကုန်မြို့တွင် ပထမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်းမီးသတ်အစည်း အရုံးညီလာခံကို ကျင်းပခဲ့သည်။ထိုညီလာခံကြီး၏ ဆုံးဖြတ်ချက်အရ အစည်း အရုံးတည်ထောင်သော မေလ ၅ ရက်နေ့ကို **'မီးသတ်တပ်ဖွဲ့နေ့'** ဟု သတ်မှတ်ခဲ့သည်။

မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ၊ နိုင်ငံတော်ပိုင် ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်၊ သဘာဝအလျောက် ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်အမျိုးမျိုးကို ပြည်သူများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်၏အရန်အင်အားအဖြစ် ဖွဲ့စည်း လေ့ကျင့်တည်ဆောက်ရန် ဖြစ်သည်။

မီးသတ်ဦးစီးဌာနသည် အထက်ပါ ရည်ရွယ်ချက်များနှင့်အညီ ပြည်သူများ၏ မီးဘေးကာကွယ်ရေးနှင့် ပတ်သက်၍ ၁၉၇၇ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှစ၍ မီးငြိမ်းသတ်ရေးစီမံချက် ခြောက်ရပ်ကို ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းတို့မှာ ကျေးရွာများတွင် မီးဘေးကာကွယ်တားဆီးရေး၊ မြို့နယ်များတွင် မီးဘေးကာကွယ်တားဆီးရေး၊ စက်ရုံ၊ အလုပ်ရုံများတွင် မီးဘေးကာကွယ်တားဆီးရေး၊ မီးသတ်တပ်ဖွဲ့ဝင်များကို စနစ်တကျလေ့ကျင့်ပညာပေးရေး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို စိစစ်ဖွဲ့စည်းရေးနှင့် မီးငြိမ်းသတ်ရေးတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ပင် ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ၁၉၉၇ ခုနှစ် ဇန်နဝါရီလ၁၀ ရက် နေ့စွဲဖြင့် မီးသတ်တပ်ဖွဲ့ဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့သည်။

မီးသတ်ဦးစီးဌာနသည် မီးသတိပြုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။ မီးသတိပြုရေးနှင့် ပတ်သက်၍ မီးသတ်တပ်ဖွဲ့က အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် ပညာပေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ စက်ရုံ၊ အလုပ်ရုံများတွင် မီးသုံးစွဲရာတွင် မီးဘေးအန္တရာယ် မကျရောက်စေရန် ဟောပြော သရုပ်ပြပွဲများ ပြုလုပ်ပေးခဲ့သည်။ မိုးရာသီကုန်ဆုံးသည်နှင့် တစ်အိမ်တက်ဆင်း မီးဖိုစစ်ဆေးခြင်း၊ လက်ကမ်းကြော်ငြာများ ဖြန့်ဝေခြင်းများ ဆောင်ရွက်သကဲ့သို့ မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်သံကြားတို့မှ ပညာပေးအစီအစဉ်များ ထည့်သွင်းခဲ့သည်။ ထို့ပြင် အဆင့်မြင့်မီးငြိမ်းသတ်ရေး၊ ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဟိုတယ်၊ မိုတယ်၊ ကုန်တိုက်စသော အထပ်မြင့် အဆောက်အအုံများတွင် စီစဉ်ဆောင်ရွက်ထားသည်။

မီးသတ်ဦးစီးဌာန၏ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးစီမံဆောင်ရွက်ချက်များနှင့်အညီ ပြည်သူများကလည်း မိမိတို့အသိစိတ်ဓာတ်များဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်။ သို့မှသာလျှင် ရန်သူမီးဘေးမှ ကင်းဝေးမည်ဖြစ်ကြောင်း ၂၀၀၄ ခုနှစ် မေလ ၅ ရက်(ယနေ့)တွင် ကျရောက်သည့်(၅၈)နှစ်မြောက် **'မီးသတ်တပ်ဖွဲ့နေ့'** ကို ဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

ရမည်းသင်းမြို့နယ် စည်ပင်သာယာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်

ရမည်းသင်း ဧပြီ ၁၀

ရမည်းသင်းမြို့နယ်မီးဘေးကြိုတင် ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဦးဆောင်မှုဖြင့် မြို့နယ်စည် ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ် ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်မှုလက်တွေ့သရုပ်ပြပွဲကို ဧပြီ ၈ ရက် မွန်းလွဲ၁နာရီက မြို့မ ဈေးကြီးအတွင်း၌ ပြုလုပ်ရာ ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်၊ မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက် ညွှန် ကြားရေးမှူး ဦးစန်းဝင်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမောင်မောင်တင့်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးမျိုးထွန်းနှင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြသည်။

သရုပ်ပြ

အစီအစဉ်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ် ယာဉ်နှစ်စီး၊ မီးသတ် ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းကို ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသကြကြောင်း သိရသည်။

(အပေါ်ပုံ)(က-ပ)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၄

၂၀၀၄ ခုနှစ် ဇွန်၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့်ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာ Digital Poster ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ကာတွန်းပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို မေ ၂၅ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မူးယစ်ပြတိုက်၌ လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မေ၂၆ရက်နံနက်ပိုင်းတွင် မူးယစ်ပြတိုက်၌လည်းကောင်း ပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်၁၀နှစ်အောက်၊ အသက်၁၀ နှစ်မှ ၁၅နှစ်အောက်၊ အသက် ၁၅နှစ်မှ ၂၀နှစ်အောက်နှင့် အသက်၂၀နှစ်အထက်ဟူ၍ ပြိုင်ပွဲအဆင့်များ ခွဲခြားထားသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲ

ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ၂၂ရက်နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်၌ ပြုလုပ်သွားမည်ဖြစ်ပြီး အလယ်တန်း ၅၊ ၆၊ ၇နှင့် အထက်တန်း ၈၊ ၉၊ ၁၀ဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်သည်။

ကွန်ပျူတာ Digital Poster ပြိုင်ပွဲ

ကွန်ပျူတာ Digital Poster ပြိုင်ပွဲကို အသက်၁၅နှစ်အထက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး မိမိရေးဆွဲထားသည့် Floppy Disk နှစ်ချပ်ကူး၍ ပြိုင်ပွဲပုံစံနှင့်အတူ ကြီးကြပ်ရေးအဖွဲ့ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ မေ၂၅ရက်အရောက် ပေးပို့ရန်ဖြစ်သည်။

လူကိုယ်တိုင်လာရောက်ပေးပို့ရမည်

ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို မေ ၁၃ရက်မှ ၁၉ရက်အထိ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ကျောက်တံတားမြို့နယ် ဘဏ်လမ်းစုပေါင်းရုံး (မြေညီထပ်)ရှိ တကယ့်ဖြစ်ရပ်မှန်မှုခင်းဂျာနယ်ရုံး၌ လက်ခံမည်ဖြစ်ရာ အချိန်မီလူကိုယ်တိုင်လာရောက်ပေးပို့ကြရန် ဖြစ်သည်။

လျှောက်လွှာတင်သွင်းသည့်နေ့တွင် ပြိုင်ပွဲဝင်များအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကတ်ပြားကိုလည်း ထုတ်ပေးမည်ဖြစ်သည်။ ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်သူများအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကတ်ပြားကိုလည်း ထုတ်ပေးမည်ဖြစ်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်သူများအနေဖြင့် ကြိုတင်လေ့လာနိုင်ရန် မေ ၂၁ရက်နံနက် ၈နာရီတွင် ကွန်ပျူတာ တက္ကသိုလ်သို့ လာရောက်သတင်းပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်ကျွန်းမြို့နယ် ထီဆိပ်ရွာမကျေးရွာရှိ ဒို့ခေတ်ဆန်း ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၂ ရက်က ထီဆိပ်ရွာမ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်သတင်းထောက် ဦးမြင့်အောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးတာဝန်ခံဦးစီးမှူး ဒေါ်နော်မာဂရက်နှင့်ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ဝ၉၇)

အာစရိယပူဇော်

တပ်ကုန်း မေ ၁

တပ်ကုန်းမြို့ အထက(၁)၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဧပြီ ၂၅ ရက်နံနက် ၈နာရီက ဗုဒ္ဓသာသနာ့ဗိမာန်ကြီး၌ ကျင်းပရာ အနည်းဆုံး နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့်အငြိမ်းစားဆရာ ဆရာမကြီး ၅၆ ဦးအား ပူဇော်ကန်တော့ကြသည်။ **(၂၆၆)**

ချောင်းဆုံမြို့ မင်းကျောင်းစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ်အတွက်အလှူငွေပေးအပ်

ချောင်းဆုံ ဧပြီ ၂၅

မွန်ပြည်နယ် ချောင်းဆုံမြို့ရှိ မင်းကျောင်းစာသင်တိုက်တွင် တည်ဆောက်နေသည့် နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကို ဧပြီ ၁၅ ရက်က မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ရှိ မင်းကျောင်း ပရိယတ္တိစာသင်တိုက် အောင်ရတနာခန်းမတွင် ကျင်းပသည်။ (အပေါ်ပုံ)

ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီ နာယက ဦးတင်အောင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ(စိုက်ပျိုးမွေးမြူရေးဘဏ်) ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)-ဒေါ်ဥမ္မာမိသားစု၊ ရန်ကုန်မြို့ရှိ ရမ္မာဝတီ ဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝေ-ဒေါ်ဥမ္မာ မိသားစု၊ မော်လမြိုင်အထက(၁၀)ဒေါ်မြင့်မြင့်စိန်မိသားစု၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ခြံအမှတ် ၃ ပါရမီရိပ်သာလမ်းနေ ဦးအောင်မြင့်-ဒေါ်မြခန့်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်းကျောင်းစာသင်တိုက်ဦးစီးနာယက ပိဋကတ္တယပါရဂူဘွဲ့ရ ဆရာတော် ဘဒ္ဒန္တသီရိနာဂိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက စုစုပေါင်းငွေကျပ် ၂၃သိန်း သုံးသောင်းကို ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးကော်မတီနာယက ဦးတင်အောင်ထံ ပေးအပ်လှူဒါန်းကြသည်။ **(၁၆၈)**

မတ် ၃၀ရက်က မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ တာဝန်ခံအင်ဂျင်နီယာမှူး ဒေါ်ချိုချိုခင်တို့က အနီးကပ်ကြီးကြပ်၍ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာလာခေါင်းဆောင်သောအဖွဲ့ မြို့ရေပေးရေးအတွက် လေးအိမ်တန်းရေစက်ဝင်း တွင်းအမှတ်(၂)မှ ရှစ်လက်မတွင်းနက်ပိုက်ချခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (၄၀၂)

ရေစီးရေလာကောင်းရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

ဇလွန် မေ ၁

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဦးဆောင်သော အဖွဲ့သည် လာမည့်မိုးရာသီအတွင်း မြို့တွင်း ရေမြောင်းများ ရေဝပ်၊ ရေလျှံခြင်း မရှိစေရေးနှင့် ရေစီးရေလာ ကောင်းစေရေးအတွက် စီမံချက်ချမှတ်ပြီး ကြိုတင်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(က-ပ)**

ရောဝတီတိုင်း ငါးသိုင်းချောင်းမြို့ (အမက) ဗိုလ်ချုပ်လမ်း၏ ၂၀၀၃-၂၀၀၄ခုနှစ် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၇ရက်က အမျိုးသားခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးအေးစိုးက စတုတ္ထတန်းကျောင်းသူ မချမ်းမြအေးအား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (ဝ၅၅)



အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခု နွေရာသီတွင် ရာသီဥတု ပူပြင်းလျက်ရှိပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်ကို သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ၊

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

သင်ကြားရေးနည်းပြသင်တန်းဖွင့်

ပြင်ဦးလွင် ဧပြီ ၁၅

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပညာရေးဌာန၏ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများအတွက် သင်ကြားရေးနည်းပြသင်တန်းဖွင့်ပွဲကို ဧပြီ ၆ ရက်က ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် ပညာရေးမှူး ဦးစံရွှေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ပညာရေးမှူးဦးမြင့်ဆွေနှင့်ဦးတင်အေးတို့က ကျောင်းခွဲနှင့် တွဲဖက်ကျောင်းများအတွက် သင်ကြားရေးနည်းပြသင်တန်းဖွင့်လှစ်ပို့ချပေးရခြင်း အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ **(၂၈၀)**

အပြို့မြို့ အနယ်နယ် သတင်းများ

ပေးအပ်

ဧပြီ၂၇ရက်က သရက်ချောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးသန်းဝင်းဦးက ကြာအင်းကျေးရွာဥက္ကဋ္ဌ ဦးအောင်လှစိုးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(က-ပ)

မော်လမြိုင်ကျွန်းတွင်နာရေးကူညီမှုအသင်းဖွဲ့စည်း၊ အလှူငွေပေးအပ်

ရန်ကုန် မေ ၄

မော်လမြိုင်ကျွန်းမြို့ နာရေးကူညီမှုအသင်း အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်း ခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၉ ရက် ည ၇နာရီက ပြည်လုံးချမ်းသာ ဝေဇယန္တာဓမ္မဗိမာန်၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးတုတ်(ခေါ်)ဦးလှရွှေ၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးနီ၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးအောင်ဆန်းနှင့် အတွင်းရေးမှူး ဦးလှနွယ်တို့ ပါဝင်သော အလုပ်အမှုဆောင် အဖွဲ့ဝင် ၂၇ဦးဖြင့် ဖွဲ့စည်းသည်။

ထို့နောက် ရန်ကုန်မြို့ နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဦးကျော်သူက အလှူခံရရှိငွေကျပ် သိန်းသုံးဆယ်တစ်သောင်းရှစ်ထောင်ကိုပေးအပ်ရာ မြို့နယ်နာရေးကူညီမှုအသင်းကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လက်ခံရယူသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အတွင်းရေးမှူး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူးနှင့် နာရေးကူညီမှုအသင်းဥက္ကဋ္ဌတို့က အလှူငွေများ လက်ခံရယူ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ တစ်ဆက်တည်း မော်လမြိုင်ကျွန်းမြို့ ထူတောက မြကျေးရွာ ရွာသစ်စု ရှေးဟောင်း သမိုင်းဝင် ရွှေပြည်အေးစေတီတော် ပြန်လည်ပြုပြင်ရေးအတွက် ဦးနေဝင်းအောင် မိသားစု(လှိုင်ထွန်းပွဲရုံ)က အလှူငွေ ကျပ်ငါးသောင်း ပေးအပ်လှူဒါန်းရာ ရုပ်ရှင်သရုပ်ဆောင် ဦးကျော်သူက စေတီတော်ပြုပြင်ရေး ဂေါပကအဖွဲ့ ကိုယ်စား လက်ခံရယူသည်။ ဆက်လက်၍ ရုပ်ရှင်သရုပ်ဆောင် ဦးကျော်သူနှင့် အမျိုးသား စာပေဆုရှင် စာရေးဆရာမ သန်းမြင့်အောင်တို့က နာရေးကူညီမှု အသင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးကြသည်။

(က-ပ)

သာယာဝတီခရိုင်တွင် စီမံကိန်းတာဝန်ပေးအပ်

သာယာဝတီ မေ ၁

သာယာဝတီခရိုင်၏ ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ မြို့နယ်အလိုက် တာဝန်ပေးအပ်ပွဲကို သာယာဝတီခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းက အမှာစကား ပြောကြားပြီး ခရိုင်အဖွဲ့ဝင်(၁) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက စီမံကိန်း တာဝန်ပေးအပ်ခြင်းဆိုင်ရာကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းပြောကြားကာ ခရိုင်စီမံကိန်းဦးစီးမှူးက စီမံကိန်းဆိုင်ရာကိစ္စများ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ပေးအပ်လွှာများကို ခရိုင်ဥက္ကဋ္ဌက သက်ဆိုင်ရာ မြို့နယ်ဥက္ကဋ္ဌများသို့ တစ်ဦးချင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ဝဲအောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မီးဘေးကာကွယ်ရေး ဆွေးနွေးမှာကြား

တောင်တွင်းကြီး ဧပြီ ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်မင်းနှင့်အဖွဲ့သည် ဧပြီ ၈ရက် နံနက် ၉နာရီက တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနခန်းမ၌ မြို့ပေါ် ၁၀ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ရဲဘော်များနှင့် တွေ့ဆုံ၍ ပွင့်လင်းရာသီ မီးဘေးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(၁၈၉)**

ဘာသာရပ် မွမ်းမံသင်တန်းဖွင့်

ပင်လောင်း ဧပြီ ၁၀

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်၏ ၂၀၀၄ ခုနှစ် ကျောင်းခွဲ တွဲဖက်ကျောင်းခွဲနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ဆရာ ဆရာမများအတွက် ဘာသာရပ် မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၄ ရက်က ပင်လောင်းမြို့အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းရွှေတို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး ဘာသာပြဆရာ ဆရာမများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသားများ စုစုပေါင်း ၁၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်ကြောင်း သိရသည်။ **(၃၆၉)**

ကောင်ရာ-ထွယ်ဆန်ယန် ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်

ကာမိုင်း ဧပြီ ၁၀

ကချင်ပြည်နယ် ကာမိုင်းဒေသစည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်သည့် ကောင်ရာ- ထွယ်ဆန်ယန်ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၉နာရီက ကောင်ရာကျေးရွာ လမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်ရင်း ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးတင်ကိုကို၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးနှင့် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးအင်ခွန်တူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကောင်ရာ- ထွယ်ဆန်ယန်ကျေးရွာချင်းဆက် မြေသားလမ်းအရှည်ပေ ၂၀၆၀၊ အကျယ်ပေ ၂၀ရှိပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လုပ်ငန်းအစီအစဉ် ခွင့်ပြုငွေကျပ် ၁၂သိန်းဖြင့် ဖောက်လုပ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။ **(၄၁၆)**

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးသစ်ကြီးရှေ့ ဈေးပတ်လမ်းအား ကျောက်ချောလမ်းမှကတ္တရာလမ်းအဖြစ်အဆင့်မြှင့်ဆောင်ရွက်ခြင်း လုပ်ငန်း ကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ဧပြီ ၃၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်/ပင်)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီးဘဝ ရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x ၉ x ၃)	-	၄ဝိ/-
ဘိလပ်မြေတစ်အိတ်	-	၄၀၀ဝိ/-
သဲတစ်ကျင်း	-	၆၀၀ဝိ/-
မြစ်ကျောက်(အသေး)တစ်ကျင်း	-	၂၀၀၀ဝိ/-
ထုံး (တစ်အိတ်)	-	၁၀၀ဝိ/-
သံကျောက်ပြားတစ်ချပ် (၁၂ x ၁၂)	-	၅၀ဝိ/-

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း-၅၄၃၂၃၅၊ ၅၄၃၂၃၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း-၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂-၃၆၃၆၅၊ ၀၂-၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ ရုံး။

ပူဇော်

ဧပြီ ၂၅ ရက်က မင်္ဂလာဒုံ မြို့နယ် ကုန်းတလဘောင်စံပြကျေးရွာရှိ ရွှေစေတီတော်ထီးတော် တင်ပွဲ အခမ်းအနားတွင် ဒေသခံ ပြည်သူများ အောင်ပန်းအိုးဖြင့် စေတီတော်ကို လှည့်လည် ပူဇော်စဉ်။

(က-ပ)

ကြီးကြပ်ဆောင်ရွက်

ဧပြီ ၃ ရက်က ကချင်ပြည်နယ် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်၌ မြို့သာယာလှပရေးအတွက်ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့တွင်းရှိ ပန်းခုံ၊ ပန်းခွက်များ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့နယ် အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့်အဖွဲ့က အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(က-ပ)

မြန်မာ့အသံ

၆-၅-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ချင်းပြည်နယ်မှ နွားနောက်မွေးမြူသူများ၏ တိုးတက်အောင်မြင်မှု)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အင်္ဂလိပ်စကားလုံးတွဲကြိယာများနှင့် ၎င်းတို့၏ အီဒီယမ်များ (ဆရာဦးသိန်းလွင်) (၂)အေအိုင်ဒီအက်စ်ကာကွယ်နည်း (ဒါရိုက်တာမောင်ရှိန်း)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ရှေ့လာမည့် နှစ် ၅၀ အကြောင်း) (ပထမပိုင်း) (မောင်ဆုရှင်)

၁၂း၃၀ အစာနှင့်အာဟာရ (မုန့်ဟင်းခါး)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၈း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အဖြူရောင်မေတ္တာ)

၁၈း၄၀ နှောင်းတေးထိတ္တာ

FAME Hepa-B®

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့ သုဝဏ္ဏ မြသီတာလမ်း ခြံအမှတ် ၂၀၁နေ
(ဦးကိုကို-ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊
သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်မော်မော်သိန်းတို့၏သားငယ်

မောင်အောင်ကိုကိုသိန်း B.Sc (Industrial Chemistry)
Director (Royal Orbit Co.,Ltd.) နှင့်
ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း အနော်ရထာအိမ်ရာ J/002 နေ
ဒေါက်တာမောင်မောင်စိုး B.D.S (Ygn) (Dental Surgeon) ၏သမီးကြီး

မယဉ်မွန်စိုး B.E (Electronic)

တို့၏ ၂၂-၄-၂၀၀၄ ရက်တွင် တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်အားလည်းကောင်း၊ ၃-၅-၂၀၀၄ရက်တွင် Dusit Inya Lake Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဒေါက်တာမန်းသက်စံ ဒုတိယဝန်ကြီး(ငြိမ်း) အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ဇနီးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ညီအစ်ကိုမောင်နှမသူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဟေမာနေဝင်းအားလည်းကောင်း၊ မေတ္တာဖြင့် ရတနာအလှဆင်ပေးသော Diamond Land မှ ဒေါက်တာခင်မောင်ဝင်းနှင့် ဒေါက်တာဝေဝေ တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မမြတ်မွန်စိုးအား လည်းကောင်း၊ မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကိုကိုသိန်း-မယဉ်မွန်စိုး။**

TOP ☎ 243363 705877

မင်္ဂလာဦး ဆုတောင်း

ကိုအောင်ကိုကိုသိန်းနှင့် **မယဉ်မွန်စိုး** တို့၏ ၃-၅-၂၀၀၄ ရက်တွင် Dusit Inya Lake Hotel ၌ ကျင်းပသော မင်္ဂလာဦးနေ့မြတ်မှသည် အသက်ထက်ဆုံးတိုင် သာယာချမ်းမြေ့သော ဘဝကို လျှောက်လှမ်းနိုင်ကြပါစေ။

ကိုနီသိန်းဦး - ဒေါက်တာယမင်းပပတင်
ကိုစိုးလွင်သိန်း - မချိုချိုအောင်
မလတ်လတ်ဖြူသိန်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်လှ (ရေနံချောင်း)
အသက်(၉၅)နှစ်

ရေနံချောင်းမြို့၊ ရွှေဘုံသာရပ်၊ သခင်ဘိုးလှကြီးလမ်း၊ အမှတ် ၁၃၉နေ (နယ်ပိုင်ဝန်ထောက်ကြီး ဦးဘိုးဟန်-ဒေါ်ဒေါ်မြ)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊အမှတ်(၃)စီနေ ဦးကျော်မြင့်(ညွှန်ကြားရေးမှူး၊ ငြိမ်း)၊နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်ဆွေတို့၏ အစ်မကြီး၊ တူ၊တူမ ရှစ်ယောက်တို့၏ ကြီးဒေါ်ကြီး၊ မြေး၊ မြစ်များ၏ အဘွားလေးသည် ၃၀-၄-၂၀၀၄ရက်တွင် ရေနံချောင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁-၅-၂၀၀၄ ရက်တွင် ရေနံချောင်းမြို့၊ ရွှေဘုံသာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း
ဒေါ်ခင်ရီ
အသက်(၈၄)နှစ်

ကျိုက်လတ်မြို့နေ (အမျိုးသားကျောင်း ဆရာကြီးဦးဘကျော်-ဒေါ်ဒီ)တို့၏သမီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်း၊ ၄၁(ခ)၊ ကျောက်ရေတွင်းနေ (ဦးဘညွန့် စာရေးဆရာ မောင်စည်သူ)၏ဇနီးဖြစ်သူ(ရာ/အသင်းဝင်) ဒေါ်ခင်ရီ (ရဟန်း၊ကျောင်းအစ်မကြီး)သည် ၂၇-၄-၂၀၀၄ရက်(အင်္ဂါနေ့)USAစံတော်ချိန် ညသန်း၅၅နာရီတွင် Losangles မြို့၌ ကွယ်လွန်၍ ၁-၅-၂၀၀၄ရက်(စနေနေ့)တွင် အထက်ပါမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။ **အမှုဆောင်အဖွဲ့။**

ဒေါ်လှလေး (စစ်ကိုင်း)
အသက်(၈၃)နှစ်

(ဦးအောင်ခင်-ဒေါ်ဘွင့်)တို့၏ သမီး၊ ပြင်ဦးလွင်မြို့နေ (ဦးထွန်းစိန်-ဒေါ်စောမေ)တို့၏ချွေးမ၊ (ဦးအုန်းလွင်)၏ဇနီး၊ ဦးစိန်ညွန့်၊ ဒေါ်ခင်တင့်တို့၏ ညီမ၊ (ဦးတင်ဦး-ဒေါ်မြလေး)တို့၏ အစ်မ၊ ဒေါ်ကြည်ကြည်လွင်၊ ဦးဘုန်းမော်၊ ဒေါ်သန်းသန်းလွင်၊ ဦးလွင်လေး (ဒေါ်ဥမ္မာသိန်း)တို့၏မိခင်၊ မြေး လေးယောက်တို့၏အဘွားသည် ရန်ကင်းမြို့နယ်၊ တိုက် ၁၀၉၊ အခန်း ၅ နေ ဒေါ်လှလေးသည် ၂-၅-၂၀၀၄ ရက်နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၎င်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

စေတီတော်ဒ[illegible]

[illegible]

ကိုတင်မောင်မြင့် A.G.T.I (Electronic)

နှင့်

[illegible]

မ[illegible] B.A (History)

[illegible]

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ **ရုံးဝန်ထမ်း** မ (၁၀) ဦး
ဘွဲ့ရ(သို့မဟုတ်) ၁၀တန်းအောင်ပြီး၊ အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
၂။ **စာရင်းကိုင်** မ (၂) ဦး
B.Com/ LCCI (Level III) လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
၃။ **အကောက်ခွန်ရှင်းလင်းရေး** ကျား/ မ (၂) ဦး
လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
၄။ **ကားမောင်း** ကျား (၂) ဦး
အသက်(၄၀)အထက်၊ ယာဉ်မောင်းကျွမ်းကျင်၍ ယာဉ်မောင်းသက်တမ်းအနည်းဆုံးငါးနှစ်ရှိရမည်။

အထက်ပါရာထူးအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ခြောက်လအတွင်း ရိုက်ထားသောလိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံရေးသား၍ ကြော်ငြာပါသည့် နေ့မှစ၍ ၁၀ ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-

Asia Greatness Trading Co., Ltd.
တိုက်(၁၈)၊ အခန်း(၃၀၂)၊ အောင်သပြေလမ်း၊ သာယာကုန်းရပ်ကွက် (ယုဇနပလာဇာအနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 200747 (Ext : 7418)

နှစ် (၃၀)မြောက် မင်္ဂလာဆုတောင်း

ဖေဖေ **ဗိုလ်ကြီးစိန်ဝင်း**(ငြိမ်း) မေမေ**ဒေါ်တင်နွယ်**တို့၏
၅-၅-၂၀၀၄ရက်တွင် ကျရောက်သော
နှစ်(၃၀)မြောက် မင်္ဂလာသက်တမ်းမှသည်
သက်ဆုံးတိုင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေရန်
ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်သားသမီးများ-
သမီး- **သန္တာဝင်း** B.Sc (I.C)
Enviromental Engineering (N.U.S)
သားလတ်- **ကျော်ဇင်ဝင်း** B.Sc (Geology)
A.G.T.I (M.T)
သားငယ်- **ဖြိုးမင်းဝင်း** B.Sc. (Biotechnology) Bot:

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဝန်ကြီးများရုံး၊ ရန်ကုန်မြို့။

ဈေးပြိုင်စနစ်ဖြင့် လေလံခေါ်ယူခြင်း

စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၁။ **မော်တော်ယာဉ်အမှတ်**
(၁) ၂က/ ၂၉၈၄ (ကွန်ကြူး) (၂) ၂က/ ၂၉၈၆ (ကွန်ကြူး)
၂။ **လေလံတင်ပုံစံရောင်းချမည့်နေ့** -
၅-၅-၂၀၀၄ မှ ၁၇-၅-၂၀၀၄ အထိ
၃။ **လေလံတင်ပုံစံရောင်းချမည့်နေရာ** -
စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စီမံရေးရာ (မော်တော်ယာဉ်ကဏ္ဍ) ဝန်ကြီးများရုံး၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ စီမံရေးရာ (မော်တော်ယာဉ်ကဏ္ဍ)၊ ဝန်ကြီးများရုံး သိမ်ဖြူလမ်းတွင် စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ
စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဖုန်း- ၂၅၁၀၃၁၊ ၃၈၁၈၃၅

GREATEST POWER

ဒေါ်စောတင် (ဒေါ်တင်)
(ဗိုလ်တထောင်)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၆၁/၆၂လမ်းနေ (ဦးဖိုး-ဒေါ်လွန်းမေ)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးစံညွန့်-ဒေါ်ယုံ)တို့၏သမီးချွေးမ၊ (ဦးသိန်းဟန်)၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (ဘီ)၄၊ အခန်းအမှတ် ၂၀၁နေဦးမြင့်သိန်း(ကုန်သွယ်လယ်ယာ၊ ငြိမ်း)-ဒေါ်မြင့်မြင့်မေ (ဗဟိုတရားရုံးချုပ်၊ ငြိမ်း)တို့၏မိခင်၊ ကိုတင့်ဆွေ-မသစ်သစ်မြင့်၊ ကိုထိုက်သူ-မမိုးမိုးကြူ(အကောက်ခွန်ဦးစီးဌာန)၊ မခင်ခင်သူ(Htoo Trading)တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

ဦးထွန်းထွန်း၏သား အထက (၂) ရန်ကင်း နဝမတန်း (ခ) မှ မောင်အောင်မျိုးထွန်း ၁၂/ရကန (နိုင်) ၀၇၃၄၉၀ အား မောင်အောင်ကောင်းမြတ်ဟုပြောင်းလဲခေါ်ပါရန်။
မောင်အောင်ကောင်းမြတ်။

ရဟန်း၊ ကျောင်းအမကြီး
ဒေါ်ဖူးသင်
(ပင်းအိုရှာ၊ မြိတ်ခရိုင်)
အသက်(၈၈)နှစ်

တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ပင်းအိုရှာနေ (ဦးဖေ-ဒေါ်စိန်ရွှေ)တို့၏သမီး၊ အမှတ် ၁၆၊ ၂လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသိန်းတင်)၏ဇနီး၊ (ဒုဗိုလ်လှမြင့်)၊ ဦးခင်လတ်-(ဒေါ်သန်းနွဲ့)၊ (ဦးကြည်သက်)-ဒေါ်မြသီ၊ဦးအေးဟန်-ဒေါ်စီစီ၊ဦးကြည်စံ၊ ဒေါ်စုစုမြင့်၊ ဦးကြင်ရွှေ-ဒေါ်နုနုခင်၊ ဦးဇော်ဝင်း၊ ဦးဇင်ုလ၊ ဗိုလ်မှူးဖြူစင်သိန်း-ဗိုလ်ကြီးခင်နှင်းနှင်းတို့၏မိခင်သည် ၂-၅-၂၀၀၄ရက် ညနေ ၃း၃၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ တန်ဆောင်း ဒါယကာကြီး
ဦးအောင်ထွန်းမြ (စစ်တွေမြို့)
(ရတနာဆိုင်ပိုင်ရှင်)
အသက်(၇၃)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ (ဦးကျော်လှဦး-ဒေါ်မစိန်ဥ)တို့၏သား၊ ဒေါ်နုစိန်၏ခင်ပွန်း၊ (ဒေါ်လှစိန်ညွန့်-ဦးစံလှဘော်)၊ ဒေါ်ကျော့ကျော့-ဦးမောင်သာထွန်း၊ ဦးမောင်မြစိန်-ဒေါ်စံသာအေးတို့၏ညီ/မောင်၊ ဒေါ်စံသာ-(ဦးဦးကျော်ထွန်း)၊ ဦးထွန်းလှဖြူ- ဒေါ်ညိုညို၊ ဒေါ်အောင်မဖံ-(ဦးအောင်စိန်ထွန်း)တို့၏အစ်ကို၊ ဒေါ်စောယဉ်-ဦးသာနုမင်း၊ (ဒေါ်သာနုစိန်-ဦးကျော်ညွန့်)တို့၏ဦးလေးသည် ၃-၅-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ တန်ဆောင်း ဒါယကာကြီး
ဦးအောင်ထွန်းမြ (စစ်တွေမြို့)
(ရတနာဆိုင်ပိုင်ရှင်)
အသက်(၇၃)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ (ဦးကျော်လှဦး-ဒေါ်မစိန်ဥ)တို့၏သား၊ (ဦးမောင်သာဒိုး-ဒေါ်မသာဥ)တို့၏သားသမက်၊ ဒေါ်နုစိန်၏ခင်ပွန်း၊ (ဦးဦးကျော်လှ-ဒေါ်စောယဉ်)၊ (ဒေါ်မသိန်း-ဦးဖိုးစိန်အောင်)၊ ဒေါ်မလှစိန်-ဦးထွန်းအောင်ဖြူတို့၏ညီမောင်၊ (ဦးအေးထွန်း-ဒေါ်မနုလှ)၊ ဒေါ်မလှနု-ဦးထွန်းမြင့်တို့၏အစ်ကိုသည် ၃-၅-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၅-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ တန်ဆောင်း ဒါယကာကြီး
ဦးအောင်ထွန်းမြ (စစ်တွေမြို့)
(ရတနာဆိုင်ပိုင်ရှင်)
အသက်(၇၃)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ (ဦးကျော်လှဦး-ဒေါ်မစိန်ဥ)တို့၏သား၊ (ဦးမောင်သာဒိုး-ဒေါ်မသာဥ)တို့၏သားသမက်၊ ဒေါ်နုစိန်၏ခင်ပွန်း၊ ဒေါ်မိုးပန်းဖြူ-ဒေါက်တာလှစိုး (UNPAE - East Timor)တို့၏ဖခင်၊ ဦးမောင်သန်းလှ-ဒေါ်ချိုချိုမာ၊ ဦးရွှေဘသိန်းတို့၏ဆရာကြီး၊ မောင်ဟိန်းရဲလင်း (န၀မတန်း၊ အထက-၂)၊ မဆုမြတ်ပွင့်ဖြူ(စတုတ္ထတန်း၊ အမက-၅)တို့၏ အဘိုးရှင်သည် ၃-၅-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးအောင်
(Ph.D, Canada)
ပါမောက္ခ၊ဓာတုဗေဒဌာန၊ရန်ကုန်တက္ကသိုလ်
အသက်(၆၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၈၃၆ နေ (ဗိုလ်မှူးကြီးစည်သူဘာဘာ-ဒေါ်အောင်ကြည်)တို့၏သားကြီး၊ ဦးကြင်-(ဒေါ်ခင်သန်းအေး)တို့၏သားသမက်၊ ဒေါ်ခင်စန်းမူ၏ခင်ပွန်းသည် ၄-၅-၂၀၀၄ရက် နံနက် ၆း၃၅ နာရီတွင် Sakura အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အများသိစေရန် ပြန်လည်ကြေညာခြင်း

ကျော်ညွန့်ဦး[၇/ကတခ(နိုင်)၀၁၀၂၇၀] အမှတ် ၁၀/၄၅၊ မောင်ခင်လမ်း၊ ရွှေချီရပ်၊ ပျဉ်းမနား၏ မြန်မာ့အလင်းသတင်းစာတွင် ၂၃-၄-၂၀၀၄ရက်စွဲဖြင့် ဖော်ပြကြေညာခဲ့သော အများသိစေရန်ကြေညာခြင်း ခေါင်းစဉ်အောက်ပါ စာသားများမှာ မှန်ကန်မှုမရှိပါ။ ကျွန်မ မချိုချိုသက်[၇/ကတခ(နိုင်)၀၄၁၆၈၄]၊ ကျော်ညွန့်ဦး[၇/ကတခ(နိုင်)၀၁၀၂၇၀]တို့မှာ ယခုအချိန်အထိ တရားဝင် အကြင်လင်မယားများဖြစ်ကြပါသည်။ တရားဝင်ကွာရှင်းခဲ့ခြင်း မရှိကြသေးပါ။ ကျွန်မ မချိုချိုသက်မှာ မယားဝတ္တရားကျေပွန်စွာဖြင့် နေထိုင်ပြီး ကျော်ညွန့်ဦးနှင့်မွေးဖွားခဲ့သော သားသမီးနှစ်ဦးကို မိဘပီသစွာ လုပ်ကိုင်ကျွေးမွေးနေပါသည်။ ကျော်ညွန့်ဦးသာလျှင် လင်ဝတ္တရားမကျေပွန်ဘဲ လူမှုရေးကိုယ်ကျင့်တရားဖောက်ပြန်ပြီး ကျွန်မ မချိုချိုသက်နှင့်သားသမီးနှစ်ဦးကို ပစ်ထားခဲ့ခြင်းသာဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်)

မချိုချိုသက်
[၇/ကတခ(နိုင်)၀၄၁၆၈၄]
သံမဏိရပ်ကွက်၊ ပဲခူးယ်ကုန်းမြို့။

ဦးချစ်ညွှာ(ခ)ကွာအင်ကျွမ်း (မန္တလေး)
အသက်(၇၄)နှစ်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နေ (ဦးချစ်ခင်-ဒေါ်ကင်ထား)တို့၏သား၊ မန္တလေးမြို့နေ ဦးရန်ခါ-ဒေါ်ရှူဘီတို့၏သားသမက်၊ မန္တလေးမြို့၊ အမှတ် ၈၄၊ ၁၉ လမ်းနှင့် ၆၂ လမ်းထောင့်၊ နန်းရှေ့နေ ဦးစိုးညွန့်-ဒေါ်မိမိသန်း၊ ဦးသန်းထူး-ဒေါ်ကြည်ကြည်ခိုင်၊ ဦးစိုးညွန့်နိုင်-ဒေါ်မြင့်မြင့်သန်း၊ ဦးရဲညွန့်နိုင်၊ ဦးထွန်းအောင်ကျော်-ဒေါ်မြမြခိုင်၊ ဦးမင်းဇော်ဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်ခင်စုဝင်း၏ခင်ပွန်းသည် ၄-၅-၂၀၀၄ရက် နံနက် ၀၂း၀၀နာရီတွင် ကွယ်လွန်ပါသဖြင့် ၆-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန် ဖူကျင်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ဥမ္မာဝင်း (နယ်စပ်/စည်ပင်)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၅၃၅(ဒုတိယထပ်)နေ (ဦးဝင်းမောင်-အုပ်ချုပ်ရေးမှူး၊ ပုဇွန်တောင်စည်ပင်၊ ငြိမ်း)-ဒေါ်ဝင်းဝင်း (နယ်စပ်/စည်ပင်၊ ငြိမ်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ် ၇ နေ (ဦးကြည်လွင်)-ဒေါ်တင်ရီတို့၏သမီးချွေးမ၊ ဦးမင်းလွင်(B.Econ)၏ဇနီး၊ ဒေါ်သီတာဝင်း-ဦးတင်မင်းခိုင်၊ (ဦးဆန်းဝင်း)၊ ဒေါ်ခင်မာဝင်း-ဦးစဝ်ခွန်ကြည်၊ ဦးနေမျိုးဝင်း-ဒေါ်စပယ်၊ ဒေါ်ခိုင်သဇင်၊ ဒေါ်မူမူလွင် (FAA-Group, FMI Centre)၊ ဒေါက်တာစမ်းစမ်းလွင်(ရန်ကုန် ကလေးဆေးရုံကြီး)-ဒေါက်တာကျော်ကျော်ဦး(အထွေထွေရောဂါကု ဆေးရုံသစ်ကြီး)တို့၏အစ်မ၊ မဆုမြတ်လွင်၏ချစ်လှစွာသောမိခင်၊ မချမ်းမြေ့မိုးဦး၊ မောင်ဟိန်းမင်းခန့်သူ တို့၏ကြီးကြီးမေသည် ၄-၅-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ် ၇ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်ခင်မြင့်
(Ida Simons)
UNDP New York (Retired)
အသက်(၈၂)နှစ်

ထောင်ပိုင်ကြီး(Mr. S.E.Simons နှင့် Annette ဒေါ်ပု)တို့၏ သမီးကြီး၊ (ဦးတူးတူး Randolph)၊(ဦး Ronnie ခင်မောင်ရင်)-ဒေါ်ခင်မေ၊ (ဦးReggie စိန်မင်း)-ဒေါ်မင်နီတို့၏ညီမ၊ (ဒေါ်ခင်ခင်တင့် Cissy)၊(ဦးသန်းဖေ Dicky)-ဒေါ်တင်မြင့် Barbara၊ ဦး Felix-(Terry ခင်ခင်နု)၊ John ဦးကျော်မြင့်-ဒေါ် Thelmaတို့၏ အစ်မကြီး၊ တူ တူမ ၁၃ ယောက်တို့၏ အဒေါ်သည် ၂-၅-၂၀၀၄ရက်တွင် နယူးယောက်မြို့၌ ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများကို အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးမောင်မောင် (၁၁)
အကောက်ခွန်မှူး(ငြိမ်း)
အသက်(၇၄)နှစ်

ရာသက်ပန်အသင်းဝင် ဦးမောင်မောင်(၁၁)သည် ၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။(အသင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဘမြင့်
အရာခံဗိုလ်(ငြိမ်း)တပ်မတော်-လေ
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ဦးဘအိုလမ်း၊အမှတ် ၂၀ နေ (ဦးဘသန်း-ဒေါ်အုန်းခင်)တို့၏သား၊ နော်မိုးနာ၏ခင်ပွန်း၊ ဦးစောကျော်ရွှေ-နော်ဗိုင်းလက်သိန်း၊ (နော်လေးဒီရာ-ဦးစောလှမြင့်)၊ ဒေါ်ခင်ခင်-(ဦးမင်းအောင်)၊ (ဦးဘခင်-နော်ပသား)၊ (စောဝင်းတင်)-နော်စေးသာတို့၏ညီ/မောင်၊ ဒေါ်ခင်သန်းနု-ဦးမောင်မောင်၊ နော်ခင်မေချစ်၊ နော်ခင်ခင်ထွေး-ဦးတင်မီအောင်သွင်တို့၏အစ်ကို၊ နော်ထီးမူး-စောအယ်(လ်)ဗင်(Sumitomo)၊ နော်ထီးခူ-ဦးဝင်းထွဋ်(Y.C.D.C)၊စောဇော်မိုးထွေး-နော်လားစေးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၃-၅-၂၀၀၄ရက် ည ၁၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၅-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၈ နာရီတွင် ဦးရွှေနုလမ်း သမိုင်းကရင်နှစ်ခြင်း အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

လယ်တီစံသာသနာရိပ်သာ
အမကြီး၊မယ်တော်ကြီး
ဒေါ်မာယာဆူဘား
အသက်(၇၈)နှစ်

အိမ်အမှတ် ၁၀၄/၁၀၆၊ ၅၇ လမ်းထောင့်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဖေယျကျော်ထင်၊ သူရ၊ MC ဗိုလ်မှူးဘီအမ်ဆူဘား၊ ငြိမ်း)၏ဇနီး၊ ဒေါ်အင်ဒရာဆူဘား-ဦးကျော်မြင့်၊ ဒေါ်ဒါနူးဆူဘား၊ ဦးဂျင်မီဆူဘား-ဒေါ်ရီတာ၊ ဦးရစ်ကီလင်ဘူး-မဖလော်ရင်၊ ဒေါ်ဒူးရာဘာဆူဘား-ဦးအီရောဂျာ၊ (ဦးဘီဒူဆူဘား)၊ ဒေါ်ဂိုမားဆူဘား-ဦးကောလင်းဂရင်း၊ ဒေါ်ဒေါလီဆူဘား-ဦးရိုမီ၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃-၅-၂၀၀၄ရက် ည ၇ နာရီတွင် အာရုတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ဟိန္ဒူထုံးစံအရ ရေဝေး ဟိန္ဒူသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မင်း (လ၀က၊ငြိမ်း)
အသက်(၇၂)နှစ်

(ဦးဘိုးညွန့်-ဒေါ်သိန်းခြုံ) ဟိုပင်မြို့တို့၏သား၊(ဦးစောပိုင်-ဒေါ်အေး)ကသာမြို့တို့၏သားသမက်၊ ဦးလှမောင်-ဒေါ်ခင်ငြိမ်း၊ ဒေါ်သန်းမြ-(ဦးခင်မောင်ကြီး)တို့၏ညီ/မောင်၊ ဦးအောင်သင်း-ဒေါ်ခင်ထွေး၊ ဒေါ်မြင့်မြင့်-ဒေါက်တာတင်လှိုင်တို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ရွှေကံ့ကော်လမ်း၊ ရွှေမာလာရိပ်မွန်၊တိုက်အမှတ် A/၈ နေ ဒေါ်ခင်ခင်ညွန့်၏ခင်ပွန်း၊ မတင်တင်လှိုင်(B.Sc, Z00) - မောင်ဇော်ထွန်းအောင်(အဆုတ်ဓာတ်မှန်)၊မောင်ရန်အောင် (E/E Moonsoon Maritime)၊ မောင်ရဲအောင်(1/E M.T.M)-မဗိုလ်ဗိုလ်အောင်(လ၀က)၊ မလွင်လွင်အောင် (J.T ထ/၆၊ မင်္ဂလာတောင်ညွန့်)၊ မသီသီအောင်(B.Sc, Maths)၊ မောင်မိုးကျော်အောင်(B.E, Civil)-မရည်ရည်မွန်တို့၏ဖခင်၊ မဖူးဖူးငုံဇော်၊ မောင်ထက်အောင်ရှိုင်းတို့၏ဘိုးဘိုးကြီးသည် ၃-၅-၂၀၀၄ရက် (တနင်္လာနေ့)တွင် အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၅-၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံရွှေလှ (စစ်တွေ)
(အငြိမ်းစားရုံပိုင်ကြီး)
အသက်(၆၅)နှစ်

စစ်တွေမြို့နေ (ဦးရွှေဖံ-ဒေါ်ဦးဝေ)တို့၏သား၊ အမှတ် ၆၃၂(ခ)၊ ဓမ္မာရုံလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်လွန်း၏ခင်ပွန်း၊ ဦးသန်းထွန်း(စခန်းမှူး၊ တ၁ချိလိတ်ရဲစခန်း)-ဒေါ်ခင်စန်းမြင့်၊ဦးအောင်သန်း(လ/ထ ဘူမိဗေဒအရာရှိ၊ မူဆယ်)၊ ဦးသိန်းမြ (ရုံပိုင်ကြီး၊ မြိုင်ဘူတာ)-ဒေါ်ချိုချိုသက်၊ မမျိုးသီတာ (အထည်ချုပ်၊ YKM)၊ မစန္ဒာဝေ-ကိုအောင်ကျော်သူ(တပ်ကြပ်၊ သာကေတ ရဲစခန်း)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊(ဒေါ်စံဝင်းဦး)၊ (ဦးမောင်မောင်)၊ (ဒေါ်စံမြမေ)၊ (ဒေါ်စံမြဖြူ)၊ ဒေါ်စံမြသူ၊ ဒေါ်စံမြခိုင်၊ (ဦးစံရွှေအောင်)၊ ဦးစံရွှေဘုတို့၏ညီ/မောင်သည် ၂-၅-၂၀၀၄ရက် ည ၁၁ နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။ (အင်းစိန်ဆေးရုံမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရှောင်
အသက်(၉၄)နှစ်

အမှတ် ၁၁၆ (D)၊ စိမ်းလဲ့ကန်သာ တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးလျောင်-ဒေါ်ကျော့)တို့၏သားထွေး၊ (ဒေါ်ရှင်)၏ခင်ပွန်း၊ ဦးဝင်းခင်-ဒေါ်သဇင်မြင့်၊ ဦးကိုလေး-ဒေါ်တင်၊ ဦးဝင်း၊ ဒေါ်ယုံ၊ ဦးချမ်းသိန်း-ဒေါ်ခင်လှထွေး၊ ဦးခင်မောင်မြင့်(ခ) Loxanzen Hoe - Angela၊ ဦးမြင့်သိန်း-ဒေါ်လီလီလင်း၊ ဦးခင်မောင်လွင်-ဒေါ်မြင့်မြင့်မိုး၊ မောင်ချစ်၊ ဒေါ်စန်းစန်း၊ ဦးမျိုးမြင့်၊ ဦးမြင့်ထွေးတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၃-၅-၂၀၀၄ရက် နံနက် ၂း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၅-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် တရုတ်ကွန်တုံ သုသာန်တွင် သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။ ရွှေတောင်တန်း ဟိုဘုံကျောင်းမှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးသိန်းအောင်
အသက်(၇၆)နှစ်

ပဲခူးတိုင်း၊ က၀မြို့နယ်၊ သပြုကျေးရွာနေ (ဦးစိန်မောင်-ဒေါ်ခင်ပု)တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်-(ဒေါ်အမာ)တို့၏မောင်၊ ဦးလှတင်-ဒေါ်နှဲ့နှဲ့ရီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်(ဃ)ရပ်ကွက်၊ သီဂီလမ်းအမှတ် ၅၂၆နေ ဒေါ်ခင်နှဲ့၏ခင်ပွန်း၊ ဦးကံညွန့်-ဒေါ်နှဲ့နှဲ့အေး၊ ဦးမြညွန့်-ဒေါ်မြမြစိုး၊ ဦးမျိုးဝင်း-ဒေါ်စန်းစန်းဝေ၊ မအေးအေးသိန်း၊ မညိုညိုထွေး(ဖေယျာဖြိုး အော့ဖ်ဆက် ပုံနှိပ်တိုက်)၊ ဦးကြည်ဝင်းနိုင်-မစိုးစိုးထွေးတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၄-၅-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၅း၂၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်လှကြည် (ကွမ်းခြံကုန်းမြို့)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၄၊ အခန်း ၉ နေ ဦးမောင်လှ၏ဇနီး၊ ကိုမျိုးညွန့်-မစန်းစန်းရီ၊ ကိုဖေသန်း(ကြေးတိုင်နှင့်မြေစာရင်း၊ မြိတ်မြို့)-မစန်းစန်းအေး၊ ကိုစံလွင်-မခင်ဝင်းကြည်၊ ကိုအောင်ထွန်း-မစိုးစိုးရီ (စိုးစံလင်း ကုမ္ပဏီလီမိတက်)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့)ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းစိုး (ဘူမိဗေဒ)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်၊ စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၇၆ (ငါးလွှာခေါင်းရင်းခန်း)နေ (ဦးမြင့်ဟိန်း-ဒေါ်ခင်စန်း)တို့၏သမီး၊ ဦးစောဟန်(ဘရေ)၏ဇနီး၊ ဒေါ်စိုးသဉ္ဇာဟန် (သရုပ်ပြ၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်စိုးသန္တာဟန်တို့၏မိခင်သည် ၄-၅-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ဥမ္မာဝင်း (နယ်စပ်/စည်ပင်)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၅၃၅(ဒုတိယထပ်)နေ (ဦးဝင်းမောင်-အုပ်ချုပ်ရေးမှူး၊ ပုဇွန်တောင်စည်ပင်၊ ငြိမ်း)-ဒေါ်ဝင်းဝင်း (နယ်စပ်/စည်ပင်၊ ငြိမ်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ် ၇ နေ ဦးမင်းလွင် (B.Econ)၏ဇနီး၊ ဒေါ်ခင်စန်းမြင့်-(ဦးခင်မောင်ညွန့်)၊ ဒေါ်ခင်စန်းတင့်-ဦးသိန်း၊ ဦးမြင့်ဆွေ(အခွန်ဦးစီးမှူး၊ ငြိမ်း)-ဒေါ်သိန်းနှဲ့၊ ဒေါ်ရင်ရင်နု-ဦးမြင့်စိုး၊ ဒေါ်မြင့်မြင့်ဝင်း-ဦးဟန်ရွှေတို့၏တူမသည် ၄-၅-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ် ၇ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘ၀နတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုသလ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ တောကျောင်းတိုက်နှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာန မဟာနာယက၊ တောကျောင်း ပဝါရဏာဂိုဏ်းကြီးတို့၏ဂဏာဓိပတိ၊ လဋ္ဌီမေသလ၊ သိက္ခာကာမ ဝိနယဂရုက သံသာရဘီရုက ပရိယတ္တိဆေက ဂဏဝိရောဓန ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၅ ရက် (သောကြာနေ့) ည ၁၂း၁၅ နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် နယုန်လဆန်း ၁ ရက် (၁၉-၅-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီတွင် စိန္တာမုနိဘုရားကြီးကျောင်းတိုက်တွင် အန္တိမအဂ္ဂိဈာပန သာခုက်ဌာနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တောကျောင်းတိုက်နှင့်စိန္တာမုနိဘုရားကြီးကျောင်းတိုက်
တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများနှင့်ဈာပနကျင်းပရေးကော်မတီ။

ဘ၀နတ်ထံပျံလွန်တော်မူခြင်း
ဦးပညာဝံသ (ဦးထွန်းပြေ)
(လမိုင်း၊ ကျိုက္ကမီ)
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၂၁)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၁၅၀၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံဝင်းနေ (ဦးချိန်ကြွ-ဒေါ်စိန်မေ)တို့၏သား၊ (ဒေါ်သက်တင်အေး)၏ခင်ပွန်း၊ ဒေါက်တာရဲဝင်း(ဆေးသိပ္ပံပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ခင်မျိုးချစ်(ဆေးတက္ကသိုလ်-၂)၊ ဦးဟန်စိန် (စက်ရုံမှူး၊ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ)-ဒေါ်ခင်မြဝင်း၊ ဦးသိန်းထွန်းဝင်း (မြို့နယ်ဦးစီးမှူး၊ သမဝါယမဦးစီးဌာန၊ လှိုင်းဘွဲ)-ဒေါ်ခင်အုန်းမြင့်၊ ဦးနေဝင်း-ဒေါ်ငွေငွေဝင်း(ကုန်သွယ်/လယ်ယာ၊ သံဖြူဇရပ်)၊ ဒေါ်ချိုနွယ်သိမ့်(SAT°-အထက-၃၊ ဗဟန်း)တို့၏ဖခင်၊ ဒေါက်တာမင်းထင်(YGH)-ဒေါက်တာသဇင်ဝင်း(YCH)၊ ဒေါက်တာညီညီကျော်-ဒေါက်တာဖူးပွင့်ဟန်၊ ကိုရဲဝေ၊ မဆုဝါရည် [FP II, I.M(1)]၊ မသဲပြည့်အေး၊ မောင်အောင်ပြည်ဟိန်းတို့၏အဘိုးသည် ၃-၅-၂၀၀၄ရက် နံနက် ၅း၄၅ နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူသွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ရှုဟွမ် (မြိတ်မြို့)
အသက်(၉၆)နှစ်

မြိတ်မြို့၊ ရေပုန်းရပ်နေ (ဦးသံအီး-ဒေါ်စိန်မျှင်)တို့၏သမီး၊ (ဦးအီဟော်)၏ဇနီး၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်၊ ပြည်တော်သာလမ်းနေ ဦးဝင်းလွင်(ခ)ဦးစစ်ပြေး-ဒေါ်သင်းသင်းဝေ(ခ)ဒေါ်ပုတို့၏မိခင်၊ ကိုတင်ဝင်းအောင် - မစမ်းစမ်းသူ(ခ)မင်းမင်း၊ ရန်ကုန်မြို့နေ ကိုအောင်လွင်-မသီသီဇင်(ခ)ဝေဝေ၊ Dr.နွေးနွေးလတ် (လ/ထ ဆရာဝန်၊ မြိတ်ပြည်သူ့ဆေးရုံကြီး)တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၃-၅-၂၀၀၄ရက်(တနင်္လာနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်မှ ကလွင်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးငြိမ်းမောင် (တောင်သာမြို့)
အသက်(၈၃)နှစ်

တောင်သာမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဒေါ်ပု၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမြင့်စိုး-ဒေါ်သန်းသန်းစု(အိုင်ဘီအက်စ် ကုမ္ပဏီ)၊ တောင်သာမြို့နေ ဒေါ်တင်တင်မြင့်(၃၃၃ ထန်းလျက်ပွဲရုံ)၊ ဦးရွှေဝင်း-ဒေါ်ကြူကြူခိုင် (လကမ္ဘာ ဆိုင်ကယ်)၊ ရန်ကုန်မြို့နေ ဗိုလ်မှူးစိုးအောင်-(ဒေါ်စန်းစန်းမြင့်)၊ ဦးဝင်းငွေ-ဒေါ်သန်းသန်းဆင့် (ဖေယျာဝင်းပွဲရုံ)၊ တောင်သာမြို့နေ ဦးမြင့်ဦး-ဒေါ်ခင်နန်းနန်းသာ (ပတ္တမြားပွဲရုံ)တို့၏ဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃-၅-၂၀၀၄ရက် ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၀၄ရက် နံနက် ၈ နာရီတွင် တောင်သာမြို့နယ်ကျောက်ချောကျေးရွာ သုသာန်သို့ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်စန်း
အသက်(၅၆)နှစ်

ကျိုက်လတ်မြို့နေ (ဦးဘဆင့်-ဒေါ်ကျင်ယုံ)တို့၏သမီး၊ (ဦးသူတော်-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ ဦးလှမြင့်-(ဒေါ်ခင်သောင်း)တို့၏ညီမ၊ ဦးလှတင်-ဒေါ်ခင်ကြည်တို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ် ၉၉(ပထမထပ်)၊ ဣန္ဒာသယလမ်း၊ တာမွေမြို့နယ်နေ ဦးလှမောင်(စန်းစန်းလက်ဖက်ဆိုင်၊ဒဂုံဈေး)၏ဇနီး၊ မရင်နွဲ့(German Speaking Tour Guide)၊ မစန်းစန်းဝေ၊ မကေသီဝင်းတို့၏မိခင်သည် ၄-၅-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးရှင် (ရွှေတောင်)
အသက်(၈၀)

အမှတ် ၃၂၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့နေ (ဦးတင်မောင်)၏ဇနီး၊ ဒေါ်ခင်မေဒေး၊ ကိုလှချို-မစီစီမာ၊ မောင်ကျော်၊ မနီနီတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအေးစိ(ခ)ဦးအေး
အလုပ်ရုံမှူး
(သံမဏိစက်ရုံ၊အင်းစိန်၊ငြိမ်း)
အသက်(၇၈)နှစ်

ဒိုက်ဦးမြို့၊ ဖအောင်းဝကျေးရွာနေ (ဦးလေးရွှေ-ဒေါ်သိန်း)တို့၏ တစ်ဦးတည်းသောသား၊ သထုံမြို့၊ ဒီစတြိတ်ကောင်စီစိန်ထောက်(ဦးကျင်ဖေ-ဒေါ်ခင်ကျော့)တို့၏သားသမက်၊ ရန်ကင်းမြို့၊ တိုက်အမှတ် ၂၁၂၊ အခန်း ၃၁၊ အရှေ့ရန်ကင်း၊ ငါးလုံးတန်း၊ (၄)ရပ်ကွက်နေ ဒေါ်ခင်စောဦး(အထက်တန်း သူနာပြု၊ ငြိမ်း၊ သဇင်ဆေးကုခန်းနှင့် သဇင်ဆေးဆိုင်)၏ခင်ပွန်း၊ ဒေါ်သီတာဦး [B.A (Geo)၊ လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်]၊ ဒေါ်သန္တာဦး[B.Sc(Chem) LCCI, ACCA,Part-1]၊ ဦးမျိုးသွယ်[B.A (Geo) Final]-မေသူဇာဟန်တို့၏ဖခင်သည် ၂-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) ည ၁၀း၄၅ နာရီတွင် ရန်ကင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ မျက်ကြည်လွှာနှင့် ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁)သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကင်းနေအိမ်သို့ ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားပါသည်။ကျန်ရစ်သူမိသားစု။

ဦးတင်ညွန့်
(ဘီးလင်း ရွှေလေ့)
အသက်(၆၆)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ရွှေလေ့ကျေးရွာနေ (ဦးမောင်ဆင်-ဒေါ်ရွှေစိန်)တို့၏သား၊ အမှတ် ၅၅၊ ဘရဏီ ၁လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ကျင်အေး၏ ခင်ပွန်း၊ ဦးတင့်အောင် (လ၀က ဦးစီးအရာရှိ၊ ပျဉ်းမနားမြို့)-ဒေါ်မြမြနွယ်၊ ဒေါ်ညိုညိုအောင် (ပြည်သူ့အင်အား ဦးစီးဌာန)၊ မောင်သန့်စင်ငြိမ်း-မသန္တာအောင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃-၅-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၂ နာရီတွင် စံပြပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၅-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် စံပြဆေးရုံအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ရန်ကုန်-သန်လျင်တံတားအမှတ်(၂)ခြောက်လမ်းသွားအဖြစ်တည်ဆောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့်သန်လျင်မြို့နယ်ဆက်သွယ်မည်

ရန်ကုန် မေ ၄

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် မြစ်ကူးတံတားကြီးများတည်ဆောက်ခြင်းသည် အဓိကကျသောနေရာမှ ပါဝင်လျက်ရှိသည်။

ဒေသတစ်ခုနှင့် တစ်ခုကြားတွင် မြစ်ခြားနေခြင်းကြောင့် သွားလာဆက်သွယ်ရေးခက်ခဲပြီး မြို့ပြနှင့်အလှမ်းမဝေးပါဘဲလျက်နှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်းများ ကြုံတွေ့ရလေ့ရှိသည်။ မြစ်ကူးတံတားကြီးများတည်ဆောက်ခြင်းဖြင့် ဒေသတစ်ခုနှင့်တစ်ခု နေ့ညမရွေး ဆက်သွယ်သွားလာနိုင်သည်နှင့်အမျှ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာမည်ဖြစ်ပေသည်။

ယခင်က ရန်ကုန်မြို့တော်နှင့် ပဲခူးမြစ်တစ်ခုသာ ခြားလျက်ရှိသော သန်လျင်မြို့သို့ သွားရောက်မည်ဆိုပါက ကားတစ်တန်၊ သင်္ဘောတစ်တန် အဆင့်ဆင့်ပြောင်းစီးရပြီး အချိန်အားဖြင့်လည်း ကြာညောင်းခဲ့သည်။ ယခုအခါ ရန်ကုန်-သန်လျင်တံတားအမှတ်(၁)တည်ဆောက်ပြီးဖြစ်၍ ရန်ကုန်မြို့နှင့် သန်လျင်မြို့ကို အချိန်အခါမရွေး သွားလာနိုင်ပြီး အချိန်ကုန်လည်း သက်သာသွားသည်။ သန်လျင်မြို့သာမက ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များသို့ပါ ဆက်သွယ်သွားလာရေး လွယ်ကူသွားရာ ဒေသခံပြည်သူများအတွက် များစွာအကျိုးသက်ရောက်မှုရှိနေသည်။

သန်လျင်မြို့နယ်တွင် သီလဝါဆိပ်ကမ်း တည်ဆောက်ထားပြီးဖြစ်ရာ ကွန်တိန်နာတင်ဆောင်ထားသော ကားကြီးများ ရန်ကုန်-သန်လျင်တံတားအမှတ်(၁)ပေါ်မှ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသည်။ ယခုလက်ရှိအခြေအနေတွင် သီလဝါဆိပ်ကမ်းသည် ဆိပ်ကမ်း၏ဝန်ဆောင်အားအနေဖြင့် ကွန်တိန်နာအလုံးရေ *စာမျက်နှာ ၁၃ ကော်လံ ၁* ▼

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြီးစီးမှုအခြေအနေ

ရန်ကုန်-သန်လျင်တံတား အမှတ်(၂)ကို ပြည်သူ့ဆောက်လုပ်ရေး တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ တည်ဆောက်လျက်ရှိရာ သန်လျင်မြို့နယ် ကုလားဝဲကျေးရွာဘက်ခြမ်း တံတားပြီးစီးမှု အခြေအနေကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)



ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ်ကို ဆက်သွယ်ပေးမည့် ရန်ကုန်-သန်လျင်တံတားအမှတ်(၂)၏ တည်ဆောက်ပြီးစီးမှုအနေအထားကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဘက်ခြမ်းမှ တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား...ထူးထူးခြားခြား

အန္တရာယ်ရှိသော ခရုကြီးများ

ဧပြီ ၂၁ ရက်က အမေရိကန်ပြည်ထောင်စု မီဝါကီ စိုက်ပျိုးရေးဦးစီးဌာန၌ အာဖရိကရောမခရုကြီးများကို စားပွဲပေါ်တွင်တင်ထားသည်ကို တွေ့ရစဉ်။ **(အပေါ်ပုံ)**

အဆိုပါခရုကြီးများကို စာသင်ခန်းများနှင့် သုတေသနပြုဌာနများ၌ ဖမ်းဆီးထားခြင်းသည် ကျန်းမာရေးထိခိုက်မှုတစ်ရပ် ဖြစ်လာသည်ဟုသိရသည်။ အမေရိကန်ပြည်ထောင်စု၌ ခရုအများအပြားကို တရားဝင်ပိုင်ဆိုင်မှုဖြင့် စာသင်ခန်းများတွင် စမ်းသပ်စစ်ဆေးမှုများပြုလုပ်နေခြင်းသည် အန္တရာယ်ရှိသည်ကို မသိကြ၍ ဖြစ်သည်ဟု ဆရာဝန်တစ်ဦးက ပြောသည်။ **(အေပီ)**

အာဂျင်တီးနား၌ တိရစ္ဆာန်များနေ့ကျင်းပမည်

ဧပြီ ၂၉ ရက်က အာဂျင်တီးနားနိုင်ငံ ဘူနိုစ်အဲ တိရစ္ဆာန်ရုံကြီး၌ ပန်ချိုအမည်ရှိ ပင်လယ်လိပ်ကြီးတစ်ကောင်သည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို စားသောက်နေသည်ကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါ တိရစ္ဆာန်ရုံ၌ အာဂျင်တီးနား နိုင်ငံ၏ တိရစ္ဆာန်များနေ့အခမ်းအနားကိုကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(ရိုက်တာ)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး